မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ(၅၅)၊ အမှတ်(၁၄၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❀ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❀ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူပင်ကော ငါးသိန်းပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်

လုပ်ငန်းရှင်နှင့် ဒေသခံပြည်သူများ ပါဝင်စိုက်ပျိုးနိုင်ရန် မျိုးစေ့နှင့်မျိုးကိုင်းများ ဖြန့်ဝေရန်စီစဉ်ထား

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ခြံစည်းရိုးကြက်ဆူပင်ကော ၁၃၆၀၀ စိုက်ပျိုးပြီးဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme .Phoebe A.Gomez တို့ ဦးဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)အမှုဆောင်ကော်မတီဝင် ဦးအုန်းမောင်(မြင်းမူ–မောင်နိုင်မိုး)ဦးဆောင်သော ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းတို့မှ အယ်ဒီတာချုပ်များ၊ သတင်းတာဝန်ခံများသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)သို့ တက်ရောက်ကြပြီးနောက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ ရန်အောင်မြင်တပ်ဦးစေတီအနီး မျိုးသန့်မျိုးပွားစံပြကေ ၁၀၀ စိုက်ခင်း၌ ကျင်းပသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို တက်ရောက်အားပေးကြသည်။

ကြိုဆို

သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မျိုးသန့်မျိုးပွား စံပြကေ ၁၀၀စိုက်ခင်းသို့ မွန်းလွဲ ၁ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် ဧည့်သည်တော်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှု မှတ်တမ်းဓာတ်ပုံများ၊ ကြက်ဆူဆီသုံး မီးဖို၊ ဆီမီးခွက်၊ ကြက်ဆူစေ့အခြောက်၊ ကြက်ဆူသီးအစိမ်းတို့ကို ကြည့်ရှုကြပြီး ကြက်ဆူစေ့နှင့် ကြက်ဆူကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ဆက်လက်၍ ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူမျိုးကိုင်းပျိုးခင်း၊ ကြက်ဆူစေ့ပျိုးခင်းတို့ကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူဆီဖြင့် ကျေးလက်မီးလင်းရေး သရုပ်ပြပြသထားမှု၊ ကြက်ဆူဆီကြိတ်စက်၊ ပြောင်းအစေ့ခြွေစက်၊ ပြောင်းစေ့အရွယ်အစား ရွေးစက်၊ အိမ်သုံးမီးဖို၊ မီးအိမ်၊ ဆီမီးခွက်များကို

စာမျက်နှာ ၉ ကော်လံ ၃ ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဧည့်သည်တော်များ ကြက်ဆူဆီသုံး မီးဖို၊ ဆီမီးခွက်၊ ကြက်ဆူစေ့အခြောက်၊ ကြက်ဆူသီးအစိမ်းတို့ကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

❑ **ဘက်စုံအကျိုးများသည့်ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်မှုကိုပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာသောကြောင့်လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူဆီကို ကဏ္ဍစုံတွင် ထိရောက်အောင်မြင်စွာ အသုံးချနိုင်သဖြင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေး အသွင်ဖြင့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေကြပြီဖြစ်။**

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ။

(စာ – ၇)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ကုသရေးနှင့် လေ့ကျင့်ရေး နယ်ပယ်တွင် သုတေသနတွေ့ရှိချက် ထိထိရောက်ရောက် အသုံးပြု

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်တစ်ရပ် ချမှတ်၍ ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် နှီးနှောဖလှယ်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင်-

"ဆေးဝန်ထမ်းတပ်ဖွဲ့ကို အရည်အသွေးမြင့်မားပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် အဖွဲ့အစည်းဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် Human Resources Developmentသည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး ဖြစ်ကြောင်း၊ ဤကဏ္ဍကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနေသည်မှာ သုတေသန နယ်ပယ်ပင်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း သုတေသနအခန်းကဏ္ဍကို ရှေ့တန်းတင်လာကြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် Research Orientationဖြင့် ဆောင်ရွက်လာကြသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း"

ပြောကြားသွားသည်။

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင် စာတမ်းပေါင်း ၄၁ စောင်၊ ပိုစတာ ၁၄ ခု၊ Symposium လေးခု၊ Clinico-pathological Conference တစ်ခု၊ Question and Answer Session ခေါ်သည့် လူအများစိတ်ဝင်စားမည့် ရောဂါများနှင့်စပ်လျဉ်းသည့် အမေးအဖြေကဏ္ဍအပြင် အရှေ့တောင်အာရှရှိ အထင်ကရဆေးရုံကြီးများမှ ပညာရှင်များက ဟောပြောကြမည့် Academic Talk ၁၁ခုပါ ပါဝင်မည်ဖြစ်သည်။

တပ်မတော် ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ၁၉၉၀ပြည့်နှစ်က စတင်ကျင်းပလာခဲ့ရာ ယခုအခါ (၁၄)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ရောဂါ ကာကွယ်နှိမ်နင်းရေး၊ ကုသရေး၊ ရောဂါရှာဖွေရေးနှင့် ဆေးပညာသင်ကြားရေးနယ်ပယ်များ၌ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်ရန်နှင့် ပြန်လည်အသုံးချနိုင်ရန်အတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် လေ့ကျင့်ရေးနယ်ပယ်တွင် တပ်မတော် ဆေးတက္ကသိုလ်ကို တည်ထောင်ထားရှိပြီး ဆေးပညာဘွဲ့သင်တန်းများ၊ ဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်မှလည်း သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ)၊ ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ပညာ)နှင့် ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ)များကို အပ်နှင်းနိုင်ပြီ ဖြစ်သည်။

ယင်းကဲ့သို့ အခြေခံနှင့်အဆင့်မြင့် လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကုသရေးနှင့် ရောဂါရှာဖွေရေးနယ်ပယ်တွင်လည်း နှလုံးရောဂါဆိုင်ရာ အဆင့်မြင့်ရောဂါ ရှာဖွေစစ်ဆေးမှုနှင့် ခွဲစိတ်ကုသမှုများ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများ၊ ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုများ၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ၊Endoscope ဖြင့် အစာအိမ်၊ သည်းခြေလမ်းကြောင်းဆိုင်ရာ ရောဂါရှာဖွေကုသမှုများ၊ မျက်စိရောဂါဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများ၊ Arthroscope ဖြင့် အရိုးရောဂါဆိုင်ရာ အဆင့်မြင့် ခွဲစိတ်ကုသမှုများကို ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ အနေဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာနှစ်စဉ်ကျင်းပသည့် သုတေသန နှီးနှောဖလှယ်ပွဲများ၌ ဆေးဝန်ထမ်းတပ်ဖွဲ့မှ သုတေသီများ တင်သွင်းကြသည့် သုတေသနတင်ပြချက် အသွင်အမျိုးမျိုးမှ ပေါ်ထွက်လာသော အချက်အလက်များကို ကုသရေးနယ်ပယ်နှင့် လေ့ကျင့်ရေးနယ်ပယ်များတွင် အချိတ်အဆက်မိမိဖြင့် ထိထိရောက်ရောက် အသုံးပြုခြင်းအားဖြင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုမြင့်မားသည်ထက် မြင့်မားစေမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၄-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း-၁၃)
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း-၁၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၁၀)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မန္တလေးကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းအား ယင်းဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်(လှော်ကား) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဗိုလ်မှူးကြီးအေးလွင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အမှတ်(၂) အခြေခံပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီးအုန်းမြင့် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ပညာရေးဝန်ကြီးဌာန

နှစ်ဖက်သော မိဘများနှင့် ညီမ ဒေါ်သန်းသန်းစိန်အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရွှေလောင်းလမ်း အမှတ် ၅၄ နေ ဦးအုန်းကြည်-ဒေါ်သိန်းလှ၊ သမီးကြီးမမွန်မွန်ကြည်-ကိုမင်းမင်းထွေး၊ သမီးငယ် မအေးအေးသန့်ကြည် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူငွေ ကျပ်ငါးသိန်းကို တိ=နိ ရန်ကုန်ဌာန အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေနံအစမ်းတွင်းများတူးဖော်ရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ(စ်)ရေနံကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-16,M-17, နှင့် M-18, တို့တွင် ရေနံအစမ်းတွင်းများ တူးဖော်ရန်အတွက် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SV Geo Eastern ဖြင့် ဖေဖော်ဝါရီလ ၂၀ ရက်မှ မတ်၂၆ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Survey တိုင်းတာမည့်ဧရိယာအကျယ်အဝန်း တည်နေရာများမှာ လုပ်ကွက်အမှတ် M-17 တွင်တည်နေရာ Chinthe # 1မြောက်လတ္တီတွဒ် ၁၀ဒီဂရီ၁၆မိနစ် ၄၃ဒသမ၃၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၃၉မိနစ် ၀၄ဒသမ၈၉စက္ကန့်၊ လုပ်ကွက်အမှတ် M-16တွင် တည်နေရာ Galone # 1 မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၂၉မိနစ် ၃၃ဒသမ၆၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၅၁မိနစ် ၂၃ဒသမ စက္ကန့်၉၀၊ လုပ်ကွက်အမှတ် M-18 တွင်တည်နေရာ Hintha # 1မြောက်လတ္တီတွဒ် ၀၉ဒီဂရီ မိနစ်၅၀ ၀၂ဒသမ၃၇စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၈မိနစ် ၂၁ဒသမ၃၇စက္ကန့်၊ လုပ်ကွက်အမှတ် M-16 တွင်တည်နေရာ Nagar #˚1 မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၁၆မိနစ် ၄၁ဒသမ၀၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၄၉မိနစ် ၁၈ဒသမ၅၉စက္ကန့်၊ လုပ်ကွက်အမှတ် M-16 တွင်တည်နေရာ Nagar # 1 (Option-2) မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၁၇မိနစ် ၀၆ဒသမ ၂၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၄၇ မိနစ် ၂၂ဒသမ၆၇စက္ကန့်နှင့် လုပ်ကွက်အမှတ် M-16တွင် တည်နေရာ Nagar # 3 (Option-3) မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၁၇မိနစ် ၃၆ဒသမ၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၄၅မိနစ် ၀၅ဒသမ၆၇စက္ကန့်တို့အတွင်း ဖြစ်သည်။

အသိပေးကြေညာထား

သို့ဖြစ်ပါ၍ တိုင်းတာရေးရေယာဉ် SV Geo Easternဖြင့် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေနိုင်ရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လားရှိုး ရန်တိုင်းအောင်မြို့ဦးစေတီအရံစေတီတော်များ ရွှေထီးတော် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တင်လှူပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူ ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၆နာရီခွဲတွင် အဆိုပါစေတီတော်အနီးရှိ သာသနာ့ဗိမာန်တော်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်ကို တင်လှူပေးကြသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အမှူးပြုသော ပင့်သံဃာတော် ၅၄ပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းများ၊ အလှူရှင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နံနက် ၅နာရီခွဲတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနား အစီအစဉ်အရ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တေးသံရှင် ဒေါ်ထားထားက ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ သီချင်းဖြင့် သီဆိုပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒထံမှ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားကို ရွတ်ဖွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်း ချည်နှောင်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဇနီး ဒေါ်ခင်သန့်စင်တို့သည် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော် ရှစ်ဆူတို့အား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ကန်မိန်းကျောင်းတိုက်ဆရာတော်နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် အဖွဲ့ဝင်များက အရံစေတီတော်များတွင် ကပ်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒက အနုမောဒနာတရား ချီးမြှင့်တော်မူရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပရိသတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ စေတီတော်တည်ဆောက်ရာတွင် မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝနတ်ကောင်း နတ်မြတ်များအား တောင်းပန်လွှာကို ပြည်နယ်သာသနာရေးဦးစီးအရာရှိ ဦးစန်းမောင်က ဖတ်ကြားသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းဖြစ်သော ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ခြင်းနှင့် တင်လှူပူဇော်ခြင်းအစီအစဉ်များကိုဆက်လက်ကျင်းပပြုလုပ်ရာ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော် ရှစ်ဆူတို့အား ရွှေထီးတော် တင်လှူပူဇော်ရာတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဗုဒ္ဓဟူးအရပ်ရှိ အရံစေတီတော်၌ တင်လှူပူဇော်ရန် စိန်ဖူးတော်ကိုလည်းကောင်း၊ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန့်စင်က ငှက်မြတ်နားတော် ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စနေအရပ်ရှိ အရံစေတီတော်၌ တင်လှူပူဇော်ရန်စိန်ဖူးတော်ကိုလည်းကောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်က ကျန်အရပ်မျက်နှာများရှိ အရံစေတီတော်များ၌ တင်လှူပူဇော်ရန်စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ကြပြီး ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြပြီး သတ်မှတ်ထားသော အရံစေတီတော်များ၏ အနီးတွင် တင်လှူထားရှိသည်။

ဆက်လက်၍တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အရံစေတီတော်ရှစ်ဆူတို့၏ ငြမ်းအထက်သို့ အသီးသီး တက်ရောက်နေရာယူပြီး ပထမဘုံအဆင့်ကို စတင်၍ စေတီတော်အသီးသီးသို့ လက်ဆင့်ကမ်း ပင့်ဆောင်ကြကာ မင်္ဂလာအခါတော်ဟု ကြွေးကြော်သည်နှင့်တစ်ပြိုင်နက် ပထမအဆင့် ရွှေထီးတော်ကို တင်လှူပူဇော်ပေးကြရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ဇယန္တော ဗောဓိယာမူလေ ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ထို့နောက် ဒုတိယဘုံနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ဆက်လက်တင်လှူပူဇော်ပြီးနောက် တင်လှူပြီးသော ရွှေထီးတော်၊ စိန်ဖူးတော်တို့ကို တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များက အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော် တင်လှူပူဇော်ခြင်းအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်အနီး ရတနာဗောဓိပင်ပျိုကို မြေဆီမြေဩဇာများ ရေစင်ရေသန့် ရေကောင်းများနှင့် အမွှေးနံ့သာများဖြင့် သွန်းလောင်းပူဇော်ကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပင်မစေတီတော်ကြီး၏ လိုဏ်ဂူအတွင်း အချောကိုင်လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် အဝင်လမ်းမကြီးအနီးတွင် အုန်းပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်အနီး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ တည်ဆောက်ရေး တာဝန်ခံ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးမောင်ကျေးက အလျားပေ ၁၄၀၊ အနံပေ ၆၀၊အမြင့် ၃၆ ပေရှိ သာသနာ့ဗိမာန်တော် ပင်မဆောင် အဆောက်အအုံသစ် ဆောက်လုပ်မည့် အစီအစဉ်များကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူး၊ ဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရွတ်ဆိုပူဇော်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အနီး သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြရာ အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များက အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပပြုလုပ်ရာ ပန္နက်တော်တင်လှူမည့် အရပ်မျက်နှာအသီးသီး၌ နေရာယူကြရာ အုတ်မြစ်အလယ်ဗဟိုတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပတ္တမြားရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ အရှေ့တနင်္လာထောင့်တွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စိန်ရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ ကျန်အရပ်မျက်နှာ အသီးသီးတွင် တာဝန်ရှိသူများက ရတနာအုတ်မြစ်တော်များကို စီလှူကြသည်။ ဆက်လက်၍ သာသနာရေး ဦးစီးအရာရှိက သက္ကထွာ သုံးဂါထာကို ရွတ်ဆိုပူဇော်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စီလှူပြီးသော ရတနာအုတ်မြစ်တော်များကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီးအနီးရှိ သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားတွင် အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူ ရွှေထီးတော်တင်လှူပူဇော်ပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်တို့က ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ အရံစေတီတော်ရှစ်ဆူတို့အား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် ဩဝါဒါစရိယ ကန်မိန်းကျောင်းတိုက်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရေဝတီတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရေဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ရက်က တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီညှိခန်းမ၌ကျင်းပရာ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ရေဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဒေသတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ကုသရေးလုပ်ငန်းစဉ်တွင်အသုံးပြုရန် ငွေကျပ် သိန်း၃၀ကို အလှူရှင်များဖြစ်ကြသော ဦးအောင်နိုင်နှင့် ဦးအောင်ကျော်နိုင် **(အောက်ပုံ)** တို့ကလည်းကောင်း၊ မြန်မာဒေရီကုမ္ပဏီလီမိတက်က တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေအဖြစ် လှူဒါန်းငွေကျပ်၁၅သိန်းနှင့် အစားအစာပစ္စည်းများကို ကုမ္ပဏီမှ ကိုယ်စားလှယ်ဦးအောင်နိုင်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာဒေရီကုမ္ပဏီလီမိတက်သည် လှူဒါန်းငွေများနှင့်အတူ အသင်း၏ လှုပ်ရှားမှုတွင် အသုံးပြုရန် အာဟာရမှုန့် ၉၆ထုပ်၊ သကြားလုံးအထုပ် ၁၂၀နှင့် နို့ဆီ ၄၈ဘူးတို့ကို ပေးလှူခဲ့သည့်အပြင် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏စီစဉ်မှုဖြင့် ရန်ကုန်မြို့တွင် ရေဝတီတိုင်းအတွင်းမှ စအိုမပါသော ကလေးငယ်လေးဦးတို့ ခွဲစိတ်ကုသခံယူနေမှုအတွက် လိုအပ်သော ကိစ္စအဝဝကို တာဝန်ယူကူညီပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

24-2 (03).p65 1 3/25/1905, 9:19 PM

အကြမ်းဖက် တိုက်ဖျက်ရေးကြိုးပမ်းမှုတွင် ပါဝင်ရန် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး တိုက်တွန်း

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၃

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးတွင် တွေဝေမနေဘဲ လက်တွဲကြိုးပမ်းကြရန် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီးဝမ်က အင်္ဂါနေ့၌ တိုက်တွန်း ပြောကြားလိုက်သည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေး ကော်မတီ သုံးရပ်၏ ဥက္ကဋ္ဌများတင်ပြချက်ကို ကြားနာရန် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအစည်းအဝေးကို အင်္ဂါနေ့က ပြုလုပ်သည်။

ဆက်လက်ဖြစ်ပွား

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်များ တက်ရောက်သည့် အဆိုပါ အစည်းအဝေးတွင် တရုတ်သံအမတ်ကြီး ဝမ်က ပြောကြားရာ၌ ကမ္ဘာ့နေရာအနှံ့အပြားတွင် အကြမ်းဖက်မှုကြောင့် အကြီးအကျယ် ကသောင်းကနင်းများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသားများအပါအဝင် အပြစ်မဲ့ အရပ်သူအရပ်သားများမှာ အကြမ်းဖက်မှုကြောင့် လူ့ဘဝအသက်ရှင်နေထိုင်ခွင့် ဆုံးရှုံးကြရကြောင်း၊ ဤအကြမ်းဖက်ခြိမ်းခြောက်မှုမှာ အစဉ်ရှိနေသဖြင့် မည်သည့်နိုင်ငံမျှ ကိုယ်နှင့်မဆိုင်ဟူ၍ သဘောထား၍ မရကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

မျှော်မှန်းနိုင်

အခြားနိုင်ငံများကို ခြိမ်းခြောက်နေသည့် အကြမ်းဖက်အင်အားစုများမှာ မိမိနိုင်ငံကို ခြိမ်းခြောက်သည့် ရန်သူအဖြစ် နိုင်ငံအားလုံးက သဘောထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အခြားနိုင်ငံများနှင့်အတူလက်တွဲဆောင်ရွက်ပါမှ နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ဟာကွက်၊ ပျော့ကွက်မရှိဘဲ လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်လာသည့် ဤအန္တရာယ်ဆိုးကြီးကို နောက်ဆုံး၌ ဖယ်ရှားပစ်နိုင်မည်ဟု မျှော်မှန်းနိုင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ထိရောက်စွာ အကောင်အထည်ဖော်ရေး တွန်းအားပေးရာတွင် ဆက်လက်၍ တက်ကြွစွာ အပြုသဘော ချဉ်းကပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံအမတ်ကြီးဝမ်က ထုတ်ဖော်ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ



သမုဒ္ဒရာလေ့လာရေး ဂလိုက်ဒါ

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် သမုဒ္ဒရာတစ်ခု၏ ဝေဟင်၌ ရေအောက် စူးစမ်းလေ့လာရေး ဂလိုက်ဒါတစ်စင်းကို တွေ့ရစဉ်။

(ယင်းရေအောက် ဂလိုက်ဒါကို နယူးဂျာစီပြည်နယ် ရပ်ဂျားစ်တက္ကသိုလ်မှ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး လူလိုက်ပါခြင်းမရှိဘဲ ပင်လယ်ပြင်ရှိ သဘော်များကို စူးစမ်းလေ့လာနိုင်မည်ဟု ဆိုသည်။)

(အေပီ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ၏ အမြင့်ဆုံး အဆောက်အအုံဖြစ်လာမည့် ရှန်ဟိုင်းမြို့တွင် တည်ဆောက်နေသော အထပ်ပေါင်း ၁၀၁ထပ် ပါရှိပြီး အမြင့် ၄၉၂မီတာရှိ ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျောင်းများတွင်ရှိသည့် ကပ်ပါးပိုးများကြောင့် ကယ်လီဖိုးနီးယား ကမ်းလွန်ရှိဖျံများ သေဆုံးဖွယ်ရှိ

စိန့်လူးဝစ် ဖေဖော်ဝါရီ ၂၃

ကြောင်များသယ်ဆောင်ခဲ့သည့် ကပ်ပါးပိုးများကျမှုကြောင့် ကယ်လီဖိုးနီးယားကမ်းလွန်ရှိ ဖျံများသေဆုံးဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၈ရက်တွင် ပြောကြားသည်။

အဆိုပါ ကပ်ပါးပိုးသည် ပင်လယ်ဖျံများကို ကင်ဆာရောဂါဖြစ်စေနိုင်ပြီး အန္တရာယ်ဖြစ်စေနိုင်သည်ဟု သိထားသည့် အနီရောင် ဒီလှိုင်းများမှ အဆိပ်အတောက်များသည်လည်း လူကိုထိခိုက်စေနိုင်ကြောင်း၊ ပင်လယ်နို့တိုက်သတ္တဝါများနှင့်ပတ်သက်၍ အခြားလေ့လာမှုတစ်ရပ်၏ တွေ့ရှိချက်ကို ဖေဖော်ဝါရီ ၁၈ရက်တွင် ထုတ်ပြန်သည်။

တိုးပွား

ကြောင်များသည် ပတ်ဝန်းကျင်တွင် ကပ်ပါးပိုးမည်မျှချသည်ဟူသော အကြောင်းအရာကဲ့သို့မျိုးကို မိမိမစဉ်းစားခဲ့မိကြောင်း၊ လူသွားစင်္ကြံမှ တစ်ဆင့် ချောင်းမြောင်းများ၊ ယင်းမှတစ်ဆင့် မြစ်များနှင့် ပင်လယ်အတွင်းသို့ ရောက်ရှိမှုများကိုလည်း မစဉ်းစားမိခဲ့ကြောင်း ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ကပ်ပါးပိုးဗေဒပါမောက္ခ ပက်ထရီစီယာကွန်ရက်က ပြောကြားသည်။

တွေ့ဆုံ

ဖျံများသေဆုံးမှုမှာ ၅၂ရာခိုင်နှုန်းရှိကြောင်း သိပ္ပံတိုးတက်ရေးဆိုင်ရာ အမေရိကန်အသင်း တွေ့ဆုံဆွေးနွေးပွဲတွင် ကွန်ရက်က ပြောကြားသည်။

ကွန်ရက်သည် သေဆုံးသွားသော ဖျံများ၏ ကိုယ်ခန္ဓာကို သုတေသနပြု လေ့လာကြည့်သောအခါ ၎င်းတို့၏ ဦးနှောက်အတွင်း၌ အဏုကြည့်မှန်ပြောင်းဖြင့်သာ မြင်နိုင်သည့် ပရိုတိုဇွန်အကောင်များကြောင့် ဖြစ်ပေါ်သော ပြင်းထန်သည့် ဒဏ်ရာများကို ၁၇ရာခိုင်နှုန်းတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

မိုဇမ်ဘစ်၌ အင်အားပြင်းငလျင်လှုပ် အနည်းဆုံးနှစ်ဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရရှိ

မာပူတို ဖေဖော်ဝါရီ ၂၃

မိုဇမ်ဘစ်နိုင်ငံ အလယ်ပိုင်းတွင် အင်အားပြင်းငလျင်တစ်ခု လှုပ်ခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖေဖော်ဝါရီ ၂၃ရက်၌ လွှင့်တင်ထားသည်။

ယင်းငလျင်ကြောင့် မာချာဇီ၌ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း ဘူမိဗေဒဆိုင်ရာ ကျွမ်းကျင်သူ ဆာဗာရင်ဒိုမားကိုစ်က ပြောကြားသည်။

ငလျင်ပြင်းလှုပ်ခတ်

အဆိုပါ ငလျင်မှာ ဖေဖော်ဝါရီ ၂၂ရက်ညပိုင်းက လှုပ်ခဲ့ခြင်းဖြစ်ပြီး မာနီစီကယ်ပြည်နယ် အလယ်ပိုင်းကို ဗဟိုပြုလျက် လှုပ်သွားခြင်းဖြစ်ကြောင်း၊ ယင်းငလျင်လှုပ်ရာဒေသမှာ မြို့တော် မာပူတိုမြောက်ဘက် မိုင် ၃၃၀ခန့်တွင် ရှိကြောင်း သိရသည်။ ငလျင်ပြင်းအားမှာ ၇ဒသမ ၅ ရှိသည်။

ယင်းငလျင်လှုပ်ခတ်ချိန် ဂရင်းနစ်စံတော်ချိန် ၂၂၁၉ တွင် မြို့တော် မာပူတိုနှင့် ဒုတိယမြို့တော် ဘီရာမြို့နေပြည်သူများ လမ်းမများပေါ်တွင် ပြေးထွက်လာကြပြီး နေအိမ်အပြင်ဘက်၌ အိပ်ခဲ့ကြရသည်ဟု ဆိုသည်။

(အင်တာနက်)

သုတေသနဆိုင်ရာ ဂြိုဟ်တု ဂျပန်အောင်မြင်စွာလွှတ်တင်

ဂျပန် နိုင်ငံသည် အာကာသ အတွင်းရှိ အရာဝတ္ထုအသစ်များကို စူးစမ်းလေ့လာရန် အတွက် ကမ္ဘာပတ် လမ်းကြောင်း အတွင်းသို့ အာကာသ အဝေးကြည့် မှန်ပြောင်း တပ်ဆင်ထားသည့် သုတေသနဆိုင်ရာ ဂြိုဟ်တုကို သယ်ဆောင်သွားသော (M-5)ဒုံးပျံတစ်စင်းအား အူချီနူးယား အာကာသ စခန်းမှ ဖေဖော်ဝါရီ ၂၂ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်သည်။

(ဝဲပုံ) (အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ချောင်ယန်းပြဇာတ်ရုံတွင် ကျွမ်းဘားအဖွဲ့တစ်ဖွဲ့၏ စွမ်းရည်ပြသနေမှုကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အာရှလေကြောင်း လေယာဉ်ပြပွဲ စင်ကာပူနိုင်ငံ၌ ကျင်းပ

စင်ကာပူ ဖေဖော်ဝါရီ ၂၃

ကမ္ဘာ့တတိယအကြီးဆုံးနှင့် အာရှအကြီးဆုံး လေကြောင်းပြပွဲကို စင်ကာပူနိုင်ငံ၌ ဖေဖော်ဝါရီ ၂၀ရက် ညနေပိုင်းက ဖွင့်လှစ်လိုက်သည်။ နိုင်ငံပေါင်း၄၀ကျော်မှ ကိုယ်စားလှယ်ပေါင်း ၁၅၄ခုတို့က ပါဝင်ပြသခဲ့ကြောင်း၊ ယင်းလေကြောင်းပြပွဲကို ဖေဖော်ဝါရီ ၂၁ရက်မှ ၂၄ရက်အထိ ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

အမျိုးပေါင်း ၄၀ကျော် ပြသ

ယင်းပြပွဲတွင် အပါချီရဟတ်ယာဉ်၊ အက်ဖ်-၁၅နှင့်အက်ဖ်-၁၆ တိုက်လေယာဉ်များ အပါအဝင် စစ်သုံးနှင့် စီးပွားရေးလုပ်ငန်းသုံး လေယာဉ်များ အမျိုးပေါင်း ၄၀ကျော် ပြသခဲ့ကြောင်း၊ ယင်းပြပွဲတွင် ကမ္ဘာ့ စီးပွားရေးလုပ်ငန်းသုံး လေယာဉ်ဖြစ်သည့် အကြီးဆုံး အဲဘတ်စ်အေ-၃၈၀ လေယာဉ်များလည်း ပါဝင်ပြသခဲ့သည်။

အက်ဖ်-၁၆တိုက်လေယာဉ်များ၊ လူလိုက်ပါခြင်းမရှိသော ယူအေဗွီလေယာဉ်များနှင့် အဲဘတ်စ် အေ-၃၈၀ လေယာဉ်များလည်း ပြပွဲ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စင်ကာပူလေကြောင်းပြပွဲ၌ ပြသထားသော ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အနောက်တိုင်းလူနေမှုပုံစံနှင့် အဆီပါသော အစားအစာများကြောင့် တောင်ကိုရီးယားအမျိုးသမီးများ ရင်သားကင်ဆာ ဖြစ်ပွားမှုမြင့်မားလာ

ဆိုးလ် ဖေဖော်ဝါရီ ၂၃

တောင်ကိုရီးယားအမျိုးသမီးများသည် အနောက်တိုင်း လူနေမှုဘဝပုံစံနှင့် အဆီပါသော အစားအစာများကို ပိုမိုစားသုံးကြခြင်းကြောင့် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း မြင့်မားလာနေကြောင်း၊ အမေရိကန် ဆေးဘက်ဆိုင်ရာ အဖွဲ့ ဂျာနယ်တစ်စောင်တွင် ဖေဖော်ဝါရီ ၂၁ရက်က ဖော်ပြပါရှိသည်။

မကြာသေးမီနှစ်များက တောင်ကိုရီးယားအမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း မြင့်မားလာသည့် အကြောင်းရင်းကို ရှာတွေ့ခဲ့သည်ဟု တောင်ကိုရီးယား သိပ္ပံပညာရှင်များက ဆိုသည်။

အကျိုးသက်ရောက်

ငယ်ရွယ်သော တောင်ကိုရီးယား အမျိုးသမီးများတွင် တောင်ကိုရီးယားဘဝပုံစံမှ အနောက်တိုင်းဘဝပုံစံသို့ ပြောင်းလဲမှု တိုးပွားလာသောကြောင့် ၎င်းအမျိုးသမီးငယ်များကို တိုက်ရိုက်အကျိုးသက်ရောက်မှုများဖြစ်ခဲ့သည်ဟု ယုံကြည်ရကြောင်း ၎င်းသိပ္ပံပညာရှင်များက ပြောကြားသည်။

လေ့လာဆန်းစစ်

၁၉၈၉ခုနှစ် ဇူလိုင်နှင့် ၂၀၀၄ခုနှစ် မတ်လအတွင်း ဆေးရုံတွင် ရင်သားကင်ဆာကြောင့် ခွဲစိတ်မှုခံယူနေရသော အမျိုးသမီး ၅၀၀၁ဦးပါအုပ်စုမှ ရရှိသော အချက်အလက်များကို ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များက လေ့လာစမ်းစစ်မှုများ ပြုလုပ်ခဲ့သည်။

ဖော်ပြထား

တောင်ကိုရီးယားဘဝပုံစံမှ အနောက်တိုင်းဘဝပုံစံသို့ ပြောင်းလဲလာခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်းမရှိပေ။ သို့သော် မကြာသေးမီနှစ်များအတွင်းက လေ့လာမှုတစ်ခုတွင် တောင်ကိုရီးယား အမျိုးသမီးများသည် အသက်အရွယ်ကြီးချိန်မှ ကလေး မွေးဖွားလာနေကြသည်ဟု ဖော်ပြထားသည်။

ရောဂါတိုးပွား

၁၉၉၆ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ် အကြားတွင် ဝေဒနာရှင် အမျိုးသမီးများ၌ အသက်ကြီးမှ သွေးဆုံးခြင်းနှင့် အဝလွန်ခြင်းရောဂါ တိုးပွားလာနေသည်ကို တွေ့ရှိရကြောင်း၊ တောင်ကိုရီးယားအမျိုးသမီးများသည် အဝလွန်စေသော အနောက်တိုင်းအစားအစာများကို ပြောင်းလဲစားသုံးခြင်းသည် အကြောင်းတစ်ချက် အနေဖြစ် ပါဝင်လျက်ရှိသည်ဟု ဆေးဘက်ဆိုင်ရာ ကောလိပ်ကျောင်းမှ လေ့လာချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကင်ညာ၌ ကန်စစ်ရဟတ်ယာဉ် နှစ်စင်းပျက်ကျ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၃

ကင်ညာနိုင်ငံတွင် ဖေဖော်ဝါရီ ၁၇ရက်က အမေရိကန်စစ်ဘက် ရဟတ်ယာဉ်နှစ်စင်းပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်နှစ်စင်းပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်၁၂ဦးပါရှိသွားကြောင်း အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၁၈ရက်၌ ပြောကြားသည်။

ပျောက်ဆုံး

ရဟတ်ယာဉ်နှစ်စင်း ပျက်ကျချိန်၌ အဆိုပါ တပ်ဖွဲ့ဝင်များ လွတ်မြောက်နိုင်မှု ရှိမရှိကို သတင်းမရရှိသေးကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ရက်ကလည်း တပ်ဖွဲ့ဝင်၁၀ဦးပါရှိသော လေယာဉ်တစ်စင်း လေ့ကျင့်ရေးဆောင်ရွက်စဉ် ပျက်ကျခဲ့ပြီးနောက် ပျောက်ဆုံးခဲ့ရသည်။

ကယ်ဆယ်နိုင်

ထိုပျက်ကျခဲ့သော လေယာဉ်မှ တပ်ဖွဲ့ဝင်နှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

စပိန်၌ ကိုလံဘီယာအမျိုးသမီး သာမန်အလေးချိန်ထက် နှစ်ဆရှိသော ကလေးမွေးဖွား

မက်ဒရစ် ဖေဖော်ဝါရီ ၂၃

စပိန်နိုင်ငံ မက်ဒရစ်တွင် ကိုလံဘီယာအမျိုးသမီးနှင့် မွေးဖွားပြီးစ ၎င်း၏ ကလေး သတင်းမှာ ကြီးမားသည့် သတင်းကြီးတစ်ခုဖြစ်နေသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က မွေးဖွားခဲ့သည့် အဆိုပါသမီးကလေး **(အပေါ်ပုံ)**သည်မွေးစက ခုနစ်ကီလိုရှိသဖြင့် သာမန်မွေးဖွားစ အလေးချိန်ထက် နှစ်ဆဝန်းကျင်ရှိကြောင်း စပိန်မြို့တော် မက်ဒရစ်တွင် ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ကြေညာသည်။

အရပ် ၅၆ ဒသမ၆ စင်တီမီတာရှည်သည့် အဆိုပါသမီးကလေးသည် လာပက်ဆေးရုံ၏ နှစ်၄၀ သမိုင်းတစ်လျှောက် မွေးဖွားမှုများတွင် ကိုယ်အလေးချိန်အများဆုံးဖြစ်ကြောင်း ကိုယ်ဝန်ဆောင်များထားရာဌာနမှ အကြီးအကဲ ဂျီးဆပ်စ်ပီရက်ရိုဒရီဂုစ်က ပြောကြားသည်။

ကလေးငယ်၏ ကိုလံဘီယာမိဘများဖြစ်ကြသော ရိုစီယိုနှင့် ဂျန်ကားလော့စ်တို့သည် လွန်ခဲ့သည့် ငါးနှစ်က မက်ဒရစ်အနီးရှိ ကိုလ်မီနာဗီယာဂျိုမြို့တွင် နေထိုင်ခဲ့ကြကြောင်း၊ ၎င်းတို့သည် ၎င်းတို့၏ သမီးငယ်အား အရင်ချာဟုအမည်ပေးခဲ့ကြောင်း ရိုဒရီဂုစ်က ပြောကြားသည်။

အသက် ၃၈နှစ်ရှိ ရိုစီယိုသည် သမီးငယ် အရင်ချာကို ချီပွေ့ထားပြီး သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကာ သူမသည် ကိုယ်ဝန်ဆောင်စဉ်က အခက်အခဲများရှိခဲ့ပုံနှင့်လမ်းလျှောက်ရာတွင် ခက်ခဲပုံများကို ရှင်းလင်း ပြောကြားသည်။

ကလေးအရွယ်အစားကြီးမားရခြင်းမှာ ရိုစီယို၏ အနည်းအကျဉ်းဆီးချို ရှိသည့်ရလဒ်ထက် မျိုးရိုးဗီဇအကြောင်းရင်းဖြစ်ရမည်ဖြစ်ကြောင်း၊ သူမသည် လွန်ခဲ့သည့် ကိုးနှစ်ကလည်း ငါးကီလိုရှိသည့် သမီးကလေးတစ်ဦးကို မွေးဖွားခဲ့သေးကြောင်း ရိုဒရီဂုစ်က ပြောကြားသည်။

မိခင်ရောကလေးပါ ကျန်းမာစွာရှိကြပြီး မကြာမီဆေးရုံမှဆင်းရမည် ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အသက် ၆၂နှစ်အရွယ် အမျိုးသမီးကြီး ခြောက်ပေါင်ကိုးအောင်စရှိ ကလေးမွေးဖွား

အသက် ၆၂နှစ်အရွယ်ရှိ အမေရိကန်အမျိုးသမီးကြီးတစ်ဦးမှာ ဖေဖော်ဝါရီ ၁၇ရက် သောကြာနေ့က ကိုယ်အလေးချိန် ခြောက်ပေါင်ကိုးအောင်စရှိသော သားယောကျ်ားလေးတစ်ဦးကို မွေးဖွားခဲ့သဖြင့် ကမ္ဘာပေါ်တွင် ကလေးမွေးဖွားနိုင်သည့် အသက်အကြီးဆုံး အမျိုးသမီးကြီးတစ်ဦးဖြစ်လာခဲ့သည်။ **(အောက်ပုံ)**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် နေထိုင်သည့် အမျိုးသမီးကြီး ဂျိန်းဝုဖ်မှာ ယခုမွေးဖွားလိုက်သည့် ကလေးသည် သူမ၏ ၁၂ယောက်မြောက် ကလေးဖြစ်သည်။

(အင်တာနက်)

ကြီးမားထူးခြားသည့် ပုလင်း

ကြီးမားပြီးထူးခြားလှပသည့် ပုလင်းကြီးကို ပြသနေစဉ်။

(ယာပုံ)

အဆိုပါ ဖန်ပုလင်းကြီးသည် အမြင့် ၁ဒသမ၁မီတာရှိပြီး အချင်း ၅၀စင်တီမီတာ ရှိကာ ဖန်သား အလေးချိန် ၁၅ကီလိုဂရမ်ဖြင့် ပြုလုပ်ထားသည်။ အရွယ်အစားမှာ အသက် ငါးနှစ်အရွယ် ကလေးငယ်တစ်ဦး၏ အရွယ်အစားခန့်ရှိပြီး ပုလင်းအထူမှာ ၆စင်တီမီတာရှိကြောင်း သိရသည်။ **(အင်တာနက်)**

၂၀၀၉ခုနှစ်တွင် ဗီယက်နမ် ရေနံသန့်စင်စက်ရုံ သုံးရုံရှိလာမည်

ဟနွိုင်း ဖေဖော်ဝါရီ ၂၃

ဗီယက်နမ်နိုင်ငံသည် ၂၀၀၉ခုနှစ်အရောက်တွင် ရေနံသန့်စင်စက်ရုံသုံးရုံ ရှိလာမည်ဖြစ်ကြောင်း၊ နှစ်စဉ်ရေနံစိမ်း တန်ချိန် ၁၄ဒသမ ၅သန်းကို သန့်စင်ပေးနိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်တိုင်းမ်က ဖေဖော်ဝါရီ ၂၀ရက်၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ကွမ်ကျိုင်းပြည်နယ်၌ ပထမဆုံးရေနံသန့်စင်စက်ရုံကို တည်ဆောက်ခဲ့ကြောင်း၊ ယင်းမှာ အမေရိကန်ဒေါ်လာ ၂ဒသမ ၅ဘီလီယံကုန်ကျကြောင်း၊ ယင်းရေနံသန့်စင်စက်ရုံက နှစ်စဉ်ရေနံစိမ်း တန်ချိန် ၆ဒသမ ၃သန်းကို သန့်စင်ပေးနိုင်မည်ဖြစ်ကာ ၂၀၀၈ခုနှစ်အကုန် ၂၀၀၉ခုနှစ် နှစ်ဆန်းပိုင်းတွင် စက်ရုံလည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဘင့်ဒင့်ဂျံပြည်နယ် အလယ်ပိုင်း၌လည်း ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှုဖြင့် တစ်နှစ်ရေနံစိမ်း တန်ချိန် ငါးသန်း သန့်စင်ပေးမည့် စက်ရုံမှာ ၂၀၀၉ ခုနှစ်တွင် လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တိုးတက်ပြောင်းလဲနေသော အိုင်တီနည်းပညာများ

အချိန်နှင့်တစ်ပြေးညီ တစ်နေရာတည်း၌ လူငယ်များလေ့လာနိုင်ကြရန် အိုင်တီနည်းပညာပြပွဲ ရန်ကုန်နှင့်မန္တလေးတွင် တစ်ပြိုင်တည်းကျင်းပမည်

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယနေ့နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော အိုင်တီနည်းပညာကို အချိန်နှင့်တစ်ပြေးညီ တစ်နေရာတည်း၌ လူငယ်များ စုစုစည်းစည်းလေ့လာ သိရှိနိုင်ရန်အတွက် အိုင်တီနည်းပညာပြပွဲကို ကေအမ်ဒီကကြီးမှူးပြီး ရန်ကုန်မြို့ ကမ်းနားလမ်း စထရင်းဟိုတယ်၌ ဖေဖော်ဝါရီ ၂၆ရက်(တနင်္ဂနွေနေ့)၌ကျင်းပရန် စီစဉ်ထားသည်။

တစ်ပြိုင်တည်းကျင်းပမည်

ထိုအိုင်တီနည်းပညာနှင့်ထုတ်ကုန်ပစ္စည်းများပြပွဲကို ဖေဖော်ဝါရီ ၂၆ရက်၌မန္တလေးတွင်လည်းတစ်ချိန်တည်း တစ်ပြိုင်တည်းပြုလုပ်သွားမည်ဖြစ်ရာ ပြပွဲ၌ ခေတ်မီနည်းပညာသုံး အိုင်တီထုတ်ကုန် ပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အမျိုးအစားပေါင်း ၅၀ခန့်

လူတိုင်း သိသင့်သိထိုက်သော အိုင်တီနည်းပညာ၏ တိုးတက်ဖြစ်ထွန်းမှုများနှင့် နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံးပစ္စည်းများဖြစ်သည့် မိသားစုသုံးကွန်ပျူတာများ Family PC(2006 Version)၊Mother Board များ၊ Graphic Card များ၊ အခြေခံသုံးကွန်ပျူတာများ၊ အဆင့်မြင့်သုံးကွန်ပျူတာများအပြင် အချိန်ကာလအာမခံချက်အမြင့်ဆုံးပေးနိုင်သည့် ကွန်ပျူတာများနှင့်၎င်းတို့နှင့်ဆက်စပ်သုံးစွဲသည့် ပစ္စည်းများအမျိုးအစားပေါင်း ၅၀ခန့်ကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထည့်သွင်းအသုံးပြု

ယနေ့ခေတ်သည် အိုင်တီနည်းပညာရပ်လွှမ်းမိုးသော ခေတ်ဖြစ်ရာ

ပြီး နည်းပညာရပ်များအပြင် လက်တွေ့ အသုံးပြုနိုင်အောင်လည်း စီစဉ်ပေးသွားမည်ဖြစ်သည်။ အိုင်တီနည်းပညာသုံး ထုတ်ကုန်ပစ္စည်း တစ်ခုဖြစ်သည့် PCI Express Graphic Card သည် ဒီဂျစ်တယ်ဓာတ်ပုံနှင့်

နောက်ဆုံးပေါ်နည်းပညာ

တစ်ဖန်အိုင်တီပြပွဲတွင် ပြသမည့် မိသားစုသုံးကွန်ပျူတာ Family PC (2006 Version)သည်မိသားစုဝင်များအနေဖြင့်သာမကရုံးသုံး၊ ကျောင်းသုံးရန်အတွက် အထူးသင့်လျော်ပြီး

အကျိုးပြု

အိမ်သုံး၊ ရုံးသုံးမှသည်စီးပွားရေးလုပ်ငန်းကြီးများအထိ လိုအပ်သော အိုင်တီနည်းပညာသုံးထုတ်ကုန်ပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို လေ့လာသိရှိနိုင်ရန်နှင့် သုံးစွဲနိုင်ရန်အတွက်

ကေအမ်ဒီ အိုင်တီနည်းပညာပြပွဲနှင့် ထုတ်ကုန်ပစ္စည်းများပြပွဲ၌ ပြသမည့် အဆင့်မြင့်နည်းပညာသုံးကွန်ပျူတာများကိုတွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဝန်ဆောင်မှုအများအပြားကိုပေးစွမ်းနိုင်သည့် နောက်ဆုံးပေါ် အိုင်တီနည်းပညာရပ်များ ထည့်သွင်းအသုံးပြုထားသည့်ပစ္စည်းဖြစ်သည်။

အထူးအစီအစဉ်

ပြပွဲအတွင်း လာရောက်လေ့လာသူများအတွက် အိုင်တီနည်းပညာများ လေ့လာသင်ယူလိုလျှင်လည်း အထူးအစီအစဉ်များဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် အိုင်တီထုတ်ကုန်ပစ္စည်းများဝယ်ယူသူတို့အတွက် အထူးနှုန်းများဖြင့်ရောင်းချပေးသွားမည့်အပြင် ဝန်ဆောင်မှုများလည်း ပေးသွားမည်ဖြစ်သည်။

လည်းကောင်း၊ လူငယ်များအတွက် ဆန်းသစ်သောနောက်ဆုံးပေါ်အိုင်တီနည်းပညာရပ်များနှင့် အိုင်တီနည်းပညာသုံးပစ္စည်းများကိုလေ့လာဆည်းပူးနိုင်ရန်အတွက်လည်းကောင်း ထိရောက်သောအကျိုးပြုစေမည့်အိုင်တီနည်းပညာ ပြပွဲတစ်ရပ်ဖြစ်ကြောင်း ကြိုတင် သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကေအမ်ဒီအိုင်တီနည်းပညာပြပွဲ၌ပြသမည့် အခြေခံနည်းစနစ်သုံး ကွန်ပျူတာတစ်စုံကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လူငယ်များအနေဖြင့် နေ့စဉ်နှင့်အမျှ ထွက်ပေါ်နေသည့် အိုင်တီနည်းပညာရပ်များအပြင် နောက်ဆုံးပေါ်ထုတ်ကုန်ပစ္စည်းများကို မိတ်ဆက်ပြသသွားမည်ဖြစ်သည်။

ထိရောက်သောဝန်ဆောင်မှု

ထို့အပြင် ပြပွဲ၌ အင်တာနက်နှင့် အီးမေးလ် သုံးစွဲမှုများနှင့် ပတ်သက် Video Applications များနှင့် အင်တာနက် ကြည့်ရှုခြင်း၊ Games ကစားခြင်းတို့အတွက်အထူးကောင်းမွန်ပြီး PCI Express ကို နှစ်ဆမြန်အောင် ပြုလုပ်နိုင်သည်ဖြစ်ရာ လက်တွေ့နယ်ပယ်တွင် ထိရောက်သော ဝန်ဆောင်မှုကိုပေးစွမ်းနိုင်သော ပစ္စည်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ် စိတ်ပညာမိသားစု၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသူကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၈ရက်က တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား ကျောင်းသူကျောင်းသားဟောင်းများက ပူဇော်ကန်တော့ကြစဉ်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းနှင့် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့၏လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယက၊ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များကိုညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အမျိုးသမီးများမိသားစုဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်ရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မတည်ထောက်ပံ့ငွေကျပ် ၂၅၀၀၀၀ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စောရွှေနှင့် ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးတို့ထံ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်များသည် ပြသထားသည့် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စုပေါင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျီးညို၊ ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်မြအေးနှင့် အမှတ်(၉)ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သဲအင်းဂူတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၁၆) ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပလျက်ရှိသော အဓိဋ္ဌာန်တရားစခန်းကိုကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တသိရိန္ဒ၊ အရှင်သုနန္ဒ(သာသနာဒီပ) ဆရာတော်များမှ တပေါင်းလဆန်း ၁ရက်မှ ၅ရက်၊ (ဖေဖော်ဝါရီ ၂၇ရက်မှ မတ်၃ရက်)အထိငါးရက်တိုင် ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ တပို့တွဲလကွယ်နေ့ (ဖေဖော်ဝါရီ ၂၆ရက်) ၅နာရီအရောက် မှတ်ပုံတင်နှင့်တကွ လာရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ အစည်းအဝေး(၂/၂၀၀၆)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံရှိ အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်ခ(တက္ကသိုလ်တင်ခ) က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့အတွင်းရေးမှူးဦးလှထွန်း(လှထွန်း-တံ့တေး)က ဗဟိုအမှုဆောင် ကော်မတီ အစည်းအဝေး (၁/၂၀၀၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆောင်ရွက်ထားမှုတင်ပြ

ယင်းနောက် ရုံးအဖွဲ့၊စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြော ဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့နှင့် ထုတ်ဝေသူမှတ်ပုံတင်စိစစ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်းဆောင်ရွက်ထားမှုများကို တင်ပြကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီဝင်များက မတ်လအတွင်း ကမ္ဘာ့မှုပိုင်ခွင့်အဖွဲ့ချုပ်၏ အကူအညီဖြင့် နှီးနှောဖလှယ်ပွဲတစ်ရပ်ကျင်းပရန်ကိစ္စ၊ ၂၀၀၆ ခုနှစ်အတွင်း စတုတ္ထအကြိမ် စာပေညီလာခံ ကျင်းပနိုင်ရေးအတွက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များ၏ မျက်နှာစုံညီအစည်းအဝေးပွဲများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရန် နှီးဆော်ရေးကိစ္စတို့ကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ဇီဝစွမ်းအင်ထုတ်လုပ်နိုင်မှုကြောင့် အကျိုးများ တိုးပွားဖြစ်ထွန်း

ယနေ့ကမ္ဘာကြီး၏ လေထုအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များထုတ်လွှတ်မှုကြောင့် မကြုံစဖူး ရာသီဥတု ပူနွေးလာခြင်းဖြစ်ကြောင်း သုတေသနပြု စူးစမ်းလေ့လာတွေ့ရှိထားကြသည်။ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ ဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် မီသိန်းဓာတ်ငွေ့တို့ လေထုအတွင်းပါဝင်မှုမှာ လွန်ခဲ့သည့်နှစ်ပေါင်း များစွာကထက် လက်ရှိအချိန်တွင် ပိုမိုများပြားလာပေသည်။ ကမ္ဘာကြီး၏ အိုဇုန်းလွှာပေါက်သည် ပိုမိုကြီးမားကျယ်ပြန့်လာပြီး ကမ္ဘာ့အပူချိန်လည်း မြင့်တက်လာသည်။

နည်းလမ်းရှာဖွေ

ထို့အပြင် လေထုညစ်ညမ်းမှု၊ သစ်တောသဘာဝသယံဇာတများ ယိုယွင်းမှုများကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကာ ကမ္ဘာ့နိုင်ငံအသီးသီးက အဆိုပါ ပျက်စီးယိုယွင်းမှုများကို ကုစားနိုင်မည့် နည်းလမ်းများအား ကြိုးပမ်းရှာဖွေလျက်ရှိသည်။ ထိုသို့ရှာဖွေရာတွင် ပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်မည့် သစ်တော သစ်ပင်စိုက်ပျိုးခြင်း၊ လေထုညစ်ညမ်းမှုကိုလျော့နည်းစေမည့် အစားထိုးလောင်စာစွမ်းအင်များ တီထွင်ကြံဆ ထုတ်လုပ် အသုံးချခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အစားထိုးဇီဝလောင်စာစွမ်းအင်

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့သည် နည်းပညာနှင့် ကုန်ကျစရိတ်မြင့်မားသည့်အပြင် ရှားပါးပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်နိုင်သည့် အဏုမြူစွမ်းအင်၊ ရေနံစွမ်းအင်တို့အစား နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝစွမ်းအင်တို့ကို ပြောင်းလဲအသုံးပြုလာကြသည်။ ထိုသို့ ပြောင်းလဲသုံးစွဲရာတွင် ကြီးမားသော စွမ်းအင်လိုအပ်ချက်ကို ကာမိစေမည့် ကျောက်မီးသွေးအစားထိုး လောင်စာစွမ်းအင်၊ ဇီဝလောင်စာစွမ်းအင်ရရှိသည့် ကြံ၊ အာလူး၊ ဂျုံ၊ ပြောင်းဖူးနှင့် ပဲပိစပ် တို့သာမက ခြံစည်းရိုးကြက်ဆူပင်များမှ အစားထိုး ဇီဝလောင်စာစွမ်းအင်ရရှိအောင် တီထွင်ကြံဆ လုပ်ဆောင်လျက် ရှိသည်။

အထက(၂)လသာ ကျောင်းဝင်းအတွင်း ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်၊ မိဘဆရာအသင်းနှင့် ကျောင်းသူများ ဤသို့ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဘက်စုံအကျိုးဖြစ်ထွန်း

ဇီဝလောင်စာထွက်ရှိသော သီးနှံပင်များသည် ကုန်ကျစရိတ်သက်သာစွာ စိုက်ပျိုးနိုင်သည့်အပြင် အဆိုပါစွမ်းအင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှုလည်း လျော့နည်းပေသည်။ ယင်းတို့တွင် ခြံစည်းရိုးကြက်ဆူပင် သည် လောင်စာဆီထုတ်ယူမှုတွင် အကောင်းဆုံးဖြစ်ပြီး စိုက်ပျိုးရလည်း လွယ်ကူ၊ စိုက်ပျိုးကုန်ကျစရိတ်လည်း သက်သာ၊ အထွက်နှုန်းလည်းကောင်းမွန် သည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုလည်း နည်းပါးပေသည်။

မြန်မာနိုင်ငံတွင်အောင်မြင်

ဘက်စုံအကျိုးများသည့် ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်မှုကို ပြည်သူ တို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာသောကြောင့် လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူ ဆီကို ကဏ္ဍစုံတွင် ထိရောက်အောင်မြင်စွာ အသုံးချနိုင်သဖြင့် လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးအသွင် ဖြင့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေကြပြီဖြစ်သည်။ ယင်းသို့ စိုက်ပျိုး ထုတ်လုပ်နိုင်မှုကြောင့် တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူအားလုံးအတွက် အကျိုးစီးပွား တိုးပွားဖြစ်ထွန်းကာ နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ကာမိစေသည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့်လေထုညစ်ညမ်းမှုကိုပါ ကာကွယ် နိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) အား အမှူးထား၍ ဦးရှိန်ဝင်း (တက်လမ်း ဆောက်လုပ်ရေး)-ဒေါ်ခင်ရှုံဦး၊ သား ကောင်းထိုက် ထွန်းတို့က ရွှေပါရမီဓမ္မစာပေ ပြန့်ပွားရေးအတွက် အလှူတော် ငွေကျပ်သိန်းတစ်ရာ၊ တောင်တွင်းကြီးမြို့ မင်းဘုံကျော်ဘုရားကြီး ပြုပြင်ရန် အလှူငွေကျပ် သိန်း ခြောက်ဆယ်၊ မော်ဘီ ဓမ္မဝိဟာရ သိမ် ဆောက်လုပ်ရန်အတွက် မတည်ငွေကျပ်သိန်းတစ်ရာ၊ မျက်စိခွဲစိတ်ရာတွင်အသုံးပြုသော မိုက်ခရိုစကုပ်အတွက် အက်ဖ်အီးစီ ၁၂၅၀ လှူဒါန်းရာ ရွှေပါရမီဓမ္မစာပေ ပြန့်ပွားရေး အတွင်းရေးမှူး ဦးဌေးမြင့်က လက်ခံယူစဉ်။ (သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အမြဲစည်းလုံး ဤကျင့်ထုံး

* ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံး၊ ဤကျင့်ထုံးကို
နှလုံးပိုက်သွင်း၊ ဒို့ပြည်တွင်းမှာ
လက်ငင်းကျင့်သုံးနေပါ၏။

* ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံး၊ ဤကျင့်ထုံးကို
နှလုံးပိုက်သွင်း၊ အိမ်နီးချင်းတို့
လက်ငင်းကျင့်သုံးနေပါ၏။

* ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံး၊ ဤကျင့်ထုံးကို
နှလုံးပိုက်သွင်း၊ ဒေသတွင်းက
ချင်းချင်းနိုင်ငံ၊ အာဆီယံမှာ
ပုံမှန် ကျင့်သုံးနေပါ၏။

* ဤသည့် ကျင့်စဉ်၊ မြန်ပြည်ခွင်
အစဉ်ငြိမ်းချမ်းစေလိမ့်တည်း။

* ဤသည်ကျင့်စဉ်
ဝန်းကျင်မြန်မာ၊ မိတ်သဟာ
ရှည်ကြာငြိမ်းချမ်းစေလိမ့်တည်း။

* ဤသည့်ကျင့်စဉ်
ရပ်ခွင်ဒေသ၊ အာဆီယံ
အမှန်ငြိမ်းချမ်းစေလိမ့်တည်း။ ။

ဖိုးဝ

ပန်းဒဏ္ဍာရီဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာ
ကျားမြီးဆွဲကိုကိုနှင့် မျောက်မူးလဲမမ ပြန်လည်ပြသ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယခု သောကြာပတ်တွင် မြန်မာ ဇာတ်ကားသစ်များ ရုံဝင်လာခြင်း မရှိဘဲ နိုင်ငံခြားကားသစ် The Promise ဇာတ်ကား နေပြည်တော်ရုံဝင်လာ သည်။

The Promise ဇာတ်ကားတွင် Cecilia Cheung , Jung Dong Gun,Hiroyuki Sanada တို့ ပါဝင် ထားသည်။ ဤဇာတ်ကားတွင် အချစ် စစ်အချစ်မှန် သို့မဟုတ် စိတ်ချမ်း သာမှုကို တစ်သက်လုံးစွန့်လွှတ်ရန် သဘောတူထားသည့် မိန်းကလေး တစ်ဦး၏ ကတိကို အခြေခံပြီး ဒဏ္ဍာရီ ဆန်ဆန်ရိုက်ကူးထားသော စွန့်စားမှု အသားပေးဇာတ်ကား ဖြစ်သည်။

ရှေ့ဆောင်ရုံတွင် The Island ဇာတ်ကား ဆက်လက်ပြသလျက်ရှိပြီး သမ္မတရုံတွင် King Kong ဇာတ်ကား ရုံတင်ထားသည်။ မင်္ဂလာရုံတွင် The Rundown ဇာတ်ကား ဆက်လက် ပြသလျက်ရှိသည်။

ပန်းဒဏ္ဍာရီ ဇာတ်ကားမှ အကယ်ဒမီရန်အောင်နှင့် အကယ် ဒမီ မေသန်းနုတို့၏ သရုပ်ဆောင် ပြကွက်။

ဝတ္ထုဇာတ်ညွှန်း မြို့တော်မောင် ယဉ်အောင် ရေးသားပြီး အကယ်ဒမီ မောင်တင်ဦး ကြီးကြပ်ကာ ဟိန်းစိုး ရိုက်ကူးသည့် **ပန်းဒဏ္ဍာရီ**ဇာတ်ကား သွင်ရုံတွင် တစ်ကျော့ပြန် ရုံဝင်လာ သည်။

မစန္ဒာ၏ ဝတ္ထုကို ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသည့် **ဆဋ္ဌဂံ** ဘဝသရုပ်ဖော်ဇာတ်ကား မတ် ၃ ရက် တွင် ရုံဝင်လာမည်ဖြစ်သည်။

အနုပညာရှင်များနှင့် ဟာသဇာတ် ကောင်များစွာဖြင့် ကလိထိုးရယ်စရာ မလို စိတ်ကြည်နူးမှုကို ဖြစ်ပေါ်စေ မည့် ခရီးသွားဟာသ ဇာတ်လမ်းကို ရိုက်ကူးထားသော **ကျားမြီးဆွဲကိုကို နှင့် မျောက်မူးလဲမမ** ဇာတ်ကား ရွှေဂုန်ရုံ မြေညီထပ်တွင် ပြသလျက် ရှိသည်။

ရွှေဂုန်ရုံ(အပေါ်ထပ်)တွင် ဘရုစ် ဝီလီ ပါဝင်သရုပ်ဆောင်ထားသော Die Hard 3 With A Vengeance အက်ရှင်ဇာတ်ကြမ်းကား ရုံဝင်လာ သည်။

မင်းသမီးချော ကာဂျိုးလ်၏ စရိုက်နှစ်မျိုးဖြင့် သရုပ်ဆောင်ထား ချက်များနှင့်အတူ ဘော်ဘီမင်းသား ရီရှီးကာပူးရ်နှင့် ဗန်ဒိန်းမင်းသား စူနီးလ်ရှက်တီးတို့၏ သရုပ်ဆောင် ချက်များ ပါဝင်သည့် Kuch Khatti Kuch Meethi ဇာတ်ကား မြို့မရုံ တွင် ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ကျားမြီးဆွဲကိုကိုနှင့် မျောက်မူးလဲမမ ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

လက်ပံတန်းမြို့နယ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လက်ပံတန်းမြို့နယ်အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာ ရည်ထူးချွန်ဆုများပေးအပ်ပွဲကို မတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ တွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စား၊ဖျော်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လက်ပံတန်းမြို့နယ်မှ ရန်ကုန်ရောက် အသက် ၇၅ နှစ်အထက် အဘိုး အဘွား များ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူ များနှင့် လက်ပံတန်းမြို့နယ်သူ၊ မြို့နယ် သားများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက် ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားသည် အခြားနိုင်ငံများမှ ရုပ်မြင်သံကြားဌာနများအဆင့်ထက် မနိမ့်ကျဘဲရပ်တည်နိုင် ဝန်ထမ်းတိုင်း မိမိတို့တစ်ကိုယ်ရေ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်း လုပ်ငန်းများအောင်မြင်အောင် မူဝါဒကိုထိန်းပြီး လွတ်လွတ်လပ်လပ်စိတ်ကိုစေစားကာ ဆန်းသစ်တီထွင် နားထောင်သူ၊ ကြည့်သူတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကား ပြောကြားပြီး နိုင်ငံတော်ကချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိကြသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၆၀)ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၆၀) ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့ကို ပေးအပ်သည့် ရည်မှန်းချက်တာဝန် မည်မျှ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်၊ အားသာချက် အားနည်းချက် မည်သို့ ရှိသည်တို့ကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်များကို နည်းနိုင်သမျှ နည်းစေရန်၊ အားသာချက်များကို ပိုမို တိုးတက်သည်ထက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၏ ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

စည်းလုံးညီညွတ်စွာဆောင်ရွက်

ဒုတိယရည်ရွယ်ချက်မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနတို့၏ လုပ်ငန်းရည်မှန်းချက်တာဝန်များ အောင်မြင်ရေးကို ရှေးရှုကာ ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားလုပ်ဆောင်လာကြစေရန်ဖြစ်ကြောင်း၊ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုထက်မြက်မြင့်မားလာစေရေး၊ အချင်းချင်း ပိုမို စည်းလုံးညီညွတ်စွာ ဆောင်ရွက်လာစေရေးတို့အတွက် ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးအနေဖြင့် ရည်ရွယ်ချက်နှစ်ရပ်ကို လက်ကိုင်ထား၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် မိမိတို့အပေါ် ပေးအပ်ထားသော တာဝန်များကို ဝန်ထမ်းများလိုက်နာရန် အချက်(၁၄) ချက်နှင့်အညီ ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားလိုကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ

နိုင်ငံတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်များရှိရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုကြောင်း၊ ထို့ကြောင့် ယခုထူးချွန်သူများအား ဆုများချီးမြှင့်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသော ဝန်ထမ်းတိုင်းက မိမိတို့တစ်ကိုယ်ရေ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားရမည် ဖြစ်ကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေနှင့် လုပ်ငန်းများကို အချိန်ကိုက်ပြီးအောင် အချိန်မီပြီးအောင် ဆောင်ရွက်နေရသည်ဖြစ်ရာ လုပ်ငန်းကျယ်ပြန့်ပြီး တာဝန်ကြီးမားကြောင်း၊ မီဒီယာလုပ်ငန်း၏သိမ်မွေ့သောတာဝန်များကို အခြေခံအားဖြင့် တာဝန်ကျေပွန်အောင်၊ ဆောင်ရွက်ခဲ့သည့်အတွက် အသိအမှတ်ပြု ချီးကျူးပါကြောင်း၊ ယင်းသို့ အောင်မြင်ခဲ့သည်မှာ ဝန်ထမ်းများ အားလုံးက ကြိုးပမ်းဆောင်ရွက်ခဲ့၍ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နားထောင်သူ၊ ကြည့်သူတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲယူနိုင်အောင် ကြိုးပမ်းဆောင် ရွက်သွားရမည် ဖြစ်ကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အနှစ်(၆၀)ပြည့်ပြီဖြစ်ရာ အတွေ့အကြုံများ ရင့်ကျက်ပြီ ဖြစ်ကြောင်း၊ အမှားအမှန်များကို ဖြတ်သန်းခဲ့ရပြီး ဖြစ်ရာ အမှားများ ကင်းစင်အောင် ကြိုးပမ်းသွားရမည် ဖြစ်ကြောင်း၊ မြန်မာ့အသံ ရုပ်မြင်သံကြားအနေဖြင့် အခြားနိုင်ငံများမှ ရုပ်မြင်သံကြားဌာနများ၏ အဆင့်အတန်းထက် မနိမ့်ကျဘဲ ရုပ်တည်ရှင်သန်နိုင်သော အောင်မြင်မှုများရှိကြောင်း၊ ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးပမ်းသွားရမည် ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း နိုင်ငံတော်က ချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်း ကောင်းတံဆိပ် ရရှိကြသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးသိန်းစိန် ထူးချွန်ဆုရရှိသူ ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လုပ်ငန်းများ အောင်မြင်အောင် မူဝါဒကိုထိန်းပြီး လွတ်လွတ်လပ်လပ် စိတ်ကိုစေစားကာ ဆန်းသစ်တီထွင် သွားကြရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၏ ၂၀၀၆-၂၀၀၇ခုနှစ် ရည်မှန်းချက် တာဝန်များကို ပြောကြားလိုကြောင်း၊ ၎င်းရည်မှန်းချက်တာဝန်များမှာ နိုင်ငံတော်၏ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် Media နည်းဖြင့် အစွမ်းကုန် ပါဝင်ဆောင်ရွက်ရန်၊ ရေဒီယို ထုတ်လွှင့်မှု တစ်နိုင်ငံလုံးသို့ အရည်အသွေးမီ ပျံ့နှံ့အောင် ဆောင်ရွက်ရန်၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုကို လည်း တစ်နိုင်ငံလုံးက ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်အောင် ဆောင်ရွက်သွားရန်၊ ဝင်ငွေတိုးတက် ရရှိအောင် ဆောင်ရွက်သွားရန်၊ Analogue System မှ Digital System သို့ ပြောင်းလဲရေးအတွက် ယနေ့ဆောင်ရွက်နေသည့် DVB-T ကို တိုးချဲ့ပြီး တစ်နိုင်ငံလုံး Network နှင့် ချိတ်ဆက်ရန်၊ မိမိတို့၏ ရေဒီယို၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု ပြည်ပသို့ ထိုးဖောက်နိုင်မှု တိုးချဲ့ရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိကြသူများအား ဆုများချီးမြှင့်ရာ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ရရှိသူဦးဝင်းသူ (ဒုတိယအင်ဂျင်နီယာချုပ်)၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ရရှိကြသော ဦးစိန်သောင်း(အင်ဂျင်နီယာမှူး၊ ဇုန်နယ်မှူး၊ လားရှိုး)နှင့် ဦးလှသိန်း (အီလက်ထရွန်နစ် ကျွမ်းကျင်-၁၊ ရေကူး အသံလွှင့်စက်ရုံ)၊ ပြည်သူ့ဝန်ထမ်း ကောင်းတံဆိပ် ရရှိသူများဖြစ်ကြသော ဦးအုန်းလွင် (ဒုတိယဦးစီးမှူး၊ မော်တော်ယာဉ်)နှင့် ဦးမြင့်ဦး (ညွှန်ကြားရေးမှူး၊ ရုပ်မြင်)၊ ဦးဝင်းကြည် (ညွှန်ကြားရေးမှူး၊ MRTV-3)၊ ဦးမောင်ဖေ (ဒုတိယညွှန်ကြားရေးမှူး၊ စီမံ)၊ ဦးမြင့်အောင် (ဒုတိယညွှန်ကြားရေးမှူး၊ ထုတ်လွှင့်/မှတ်တမ်း၊ MRTV-4)၊ ဒေါ်မေအေးကြွယ် (ဦးစီးအရာရှိ၊ ဒုတိယစီမံတာဝန်ခံ)နှင့် ဦးအုန်းမောင် (အီလက်ထရွန်နစ် ကျွမ်းကျင်-၁) တို့အား ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်က ဗဟိုဝန်ထမ်း တက္ကသိုလ်တွင် ထူးချွန်သူခြောက်ဦး၊ ပြန်ကြားရေး ဝန်ကြီးဌာနက ဖွင့်လှစ်သည့် သတင်းစာပညာသင်တန်းတွင် ထူးချွန်သူ ခုနစ်ဦး၊ တပ်မတော်နေ့စာပေပြိုင်ပွဲနှင့် အမျိုးသားရေးဆောင်ပုဒ်ဆုပြိုင်ပွဲတို့တွင် ဆုရရှိကြသူနှစ်ဦးနှင့် ဒွါဒသမအကြိမ်နှင့် တေရသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူ ငါးဦးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဌာနခွဲအလိုက် စွမ်းဆောင်ဆု၊ နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုစာမူများနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဝန်ထမ်းများ၏ သားသမီးများ ပညာရည်ထူးချွန်ဆု၊ အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိကြသော ဝန်ထမ်းများ၏ သားသမီးများနှင့် ဝန်ထမ်းဝတ်စုံစရိတ်များအား ချီးမြှင့်သည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသော ဝန်ထမ်းများကိုယ်စား ဇုန်နယ်မှူး လားရှိုးအခြေစိုက်မှ အင်ဂျင်နီယာမှူး ဦးစိန်သောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကံစမ်းမဲဖောက်

ထို့နောက် ဝန်ထမ်းများအား ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကံစမ်းမဲဖောက်၍ ဆုများချီးမြှင့်ပြီး နှစ်ပတ်လည်နေ့ အခမ်းအနားကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ထို့နောက် တိုင်းမှူးသည် အနောက်ဘက်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေကျေးရွာများသို့ ကျေးရွာချင်းဆက်လမ်းအတိုင်း လှည့်လည်သွားရောက်၍ ဝက်သေကျေးရွာ၌ ဒေသခံ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းမှာကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာစောင်များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံများနှင့်အတူ ကျေးရွာရုံးဝင်းအတွင်း စိုက်ပျိုးရန် ပြုစုပျိုးထောင်ထားသော ခြ်စည်းရိုးကြက်ဆူပျိုးခင်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ငွေဆောင်မြို့ မြို့နယ်ရုံးဝင်းအတွင်း ကျင်းပသည့် ခြံစည်းရိုးကြက်ဆူစုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက်အားပေး အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူ ကိုင်းပျိုးပင်ကို သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ သတ်မှတ်နေရာများတွင် ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် ပျိုးဥယျာဉ်တွင် ပျိုးကိုင်းနှင့် မျိုးစေ့များ ထည့်သွင်းပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပုသိမ်ခရိုင်အနေဖြင့် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူဧက ၁၂၀၀၀၀ စိုက်ပျိုးရန် နှစ်အလိုက် လျာထားစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ရွှေသောင်ယံမြို့ လမ်းတံတားနှင့် ရပ်ကွက်များ ဖွဲ့စည်းတည်ရှိမှုအခြေအနေကို လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အဆောက်အအုံသစ်နှင့် မြို့နယ် ပြည်သူ့ဆေးရုံ တစ်ထပ်အဆောက်အအုံသစ် တည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

✱ *ကျောဖုံးမှ*

ဆက်လက်၍ တိုင်းမှူး သည် တာဝန်ရှိသူများ၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးနှင့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဒေသတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်း အမှာစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဖားကန့်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်လူနာများအား နယ်လှည့် ပြည်နယ်အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက မျက်စိဝေဒနာရှင်များအတွက် ဆေးဝါးနှင့် မျက်မှန်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဖားကန့် ပြည်သူ့ဆေးရုံ ပဒေသာပင်အတွက် ကချင်အထူးဒေသ(၂)မှ ဦးအင်ဘန်လက ငွေကျပ်သိန်း ၂၀၊ ဂျိတ်လင်းန်ကုမ္ပဏီမှ ဦးယွတ်ဇော်ခေါင်နှင့် ဇနီး ဒေါ်ရှုဒေါင်ခါန်တောင် မိသားစုက ငွေကျပ်ငါးသိန်း၊ လုပ်ငန်းရှင် ဦးသိန်းလွင်-ဒေါ်အားလိ မိသားစုက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်နှင့် အထူးကုဆရာဝန်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးသည် လုံးခင်းကျေးရွာ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကျင်းပသည့် လုံးခင်းဈေးကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၃၉ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ညနေပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် လုံးခင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြုစုပျိုးထောင်ထားသည့် ကြက်ဆူကြား(အနီ) မျိုးစေ့ ၁၅၀၀၊ ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၁၆၀၀ နှင့် ကြက်ဆူကြား ပျိုးကိုင်း ၁၅၇ ပင်၊ ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းပင် ၁၆၀၀ ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မြစ်ကြီးနား-ဖားကန့် ကားလမ်းတစ်လျှောက်ရှိ လမ်းပိုင်းနှင့် တံတားများ ဖောက်လုပ်ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်၌ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီးနောက် ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

ကြက်ဆူဆီဖြင့် လည်ပတ်ထွန်းညှိမှု၊ ကြက်ဆူစေ့အခြောက်၊ ကြက်ဆူသီးအစိုတို့ကို ကြည့်ရှုအားပေးကြပြီး မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းအတွင်း ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေး၍ ဒေသခံ တိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား စံပြစိုက်ခင်း ရှင်းလင်းဆောင်၌ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူပင်ဧက ငါးသိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားရန် စီမံချက်ချဆောင်ရွက်နေမှု၊ လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဒေသခံပြည်သူများပါ ပါဝင်စိုက်ပျိုးနိုင်ရန် မျိုးစေ့နှင့် မျိုးကိုင်းများ မျိုးပွားစုဆောင်းပြီး ဖြန့်ဝေရန် စီစဉ်ထားမှု၊ ယနေ့အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူဧက ၁၃၆၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ဧည့်သည်တော်များသည် စံပြစိုက်ခင်းများမှ ထွက်ရှိသည့် ဆင်းရွှေလီ ပျားလိမ္မော်၊ နာနတ်၊ နေကြာ၊ ဆီထွက်နေကြာနမူနာများကို လည်းကောင်း၊ စံပြစိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းတွင် နာနတ်အပင် ၅၀၀၀၀၊ ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းအပင် ၅၀၀၀၀၊ လိုက်ချီးအပင် ၁၀၀၀၊ ပျားလိမ္မော်အပင် ၁၈၀၀ စိုက်ပျိုးထားပြီး တောင်သူများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအား ဖြန့်ဖြူးနိုင်ရန် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ နှစ်သန်းလေးသောင်း၊ ကြက်ဆူမျိုးကိုင်း တစ်သိန်းနှစ်သောင်း ပျိုးထောင်ထားကြောင်း သိရသည်။

ပြန်လည်ရောက်ရှိ

ယင်းမှတစ်ဆင့် သံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ် ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး H.E Mme Phoebe A.Gomez ဦးဆောင် သော ဧည့်သည်တော်များ မျိုးသန့်မျိုးပွားစံပြဧက ၁၀၀ စိုက်ခင်း၌ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)



ဖေဖော်ဝါရီ ၁၉ ရက်က မင်္ဂလာတောင်ညွန့် မီးရထားရပ်ကွက်၌ (၁၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းလှိုင်၊ ရပ်ကွက်ကောင်စီအဖွဲ့ဝင်(၁) ဦးသိန်းရွှေ၊ ဓမ္မာရုံဥက္ကဋ္ဌ ဦးရွှေလင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသက်စိုးနှင့် အတွင်းရေးမှူး ဦးမင်းလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ ဗဟန်း ၃ လမ်းထိပ် စွမ်းအင်ဓမ္မာရုံတွင် အရှင်ကောသလ္လ(ဓမ္မစေတီ) သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ M.A (Buddhism)၊ ဓမ္မစေတီ ထေရဝါဒသာသနာပြု ကျောင်းတိုက် မြောက်ဒဂုံမြို့နယ်မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို မတ်၃ ရက်မှ ၅ ရက်အထိ ညစဉ်၇ နာရီမှစ၍ ဟောကြားချီးမြှင့်မည်ဟုသိရသည်။ **(က-ပ)**

မဟာတိလောကမှန်ကူသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကွမ်းခြံကုန်းမြို့၏ ကျက်သရေဆောင် မဟာတိလောက မှန်ကူသွန်းဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၇ ရက်မှ လပြည့်နေ့အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း တပေါင်းလဆန်း ၇ ရက် ည ၇ နာရီတွင် တံ့တေးဆရာတော် ဦးဣန္ဒက၊ ၈ ရက်တွင် ဓမ္မစေတီဦးကောသလ္လ၊ ၉ ရက်တွင် အောင်စကြာဆရာတော်၊ ၁၀ ရက်တွင် ရှင်ဆေကိန္ဒ၊ ၁၁ ရက်မှ ၁၂ ရက်အထိ ပဋ္ဌာန်းတရားပွဲ၊ ၁၂ ရက်မှ တပေါင်းလပြည့်အထိ ဘုရားအနေကဇာတင်ခြင်း၊ မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဆွမ်းတော်ကြီးတင်ခြင်းများကို ရှေးထုံးမပျက် ကျင်းပသွားမည်ဖြစ်ပြီး၊ ပျော်ပွဲရွှင်ပွဲများအဖြစ် တပေါင်းလဆန်း ၁၂ ရက်မှ ၁၅ ရက်အထိ မောင်ချမ်းသာရွှေမန်းသဘင်နှင့် လဆန်း ၁၃ ရက်မှ ၁၅ ရက်အထိ မြန်မာ့ရိုးရာ လှည်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နည်းပညာသင်ယူရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ လေ့ကျင့်ပျိုးထောင်ရေးအေဂျင်စီတို့ ပူးပေါင်း စီစဉ်မှုဖြင့် ဂျပန်နိုင်ငံ၌ စက်မှုလုပ်ငန်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်ရေးနှင့် နည်းပညာသင်ယူရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ JITCO မှ Senior Manager Mr. Ryosei Suzuki က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေ **(အောက်ပုံ)**နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Second Secretary Mr.Tomafumi Yokoyama တို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပြောကြား

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဂျပန်နိုင်ငံမှ JOHO Cooperative, Kantsu Kokusai Koryu Cooperative Association, Takyo Enterprise Information Management Cooperative Society တို့နှင့် မိတ်ဆက်ပေးကြသည်။ ဆက်လက်၍ Mr. Ryosei Suzuki က Industrial Traning and Internship Programme and Roles of Sending Organizations ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လေးက လိုအပ်သည်များကို ထပ်မံဖြည့်စွက် ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုံပါကျင် မြတ်သုခလမ်း ကတ္တရာလမ်းခင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပုံပါကျင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်က မြတ်သုခလမ်းအား ပေ ၆၆၀ ကျောက်ချောလမ်းခင်းရန်ရှိရာ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်၍ ပေ ၁၂၀၀ အား ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံ ဦးဇော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းနိုင်ထူးတို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ
၇း၁၅	ဗွီစီဒီမိတ်ဆက် (ဘဝမှတ်တိုင်များ-၂)
၇း၄၀	နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက် (အပိုင်း-၁)
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	Fashion Talk (ဦးမျိုးမြတ်သူ၊ ဒေါ်တင်မိုးလွင်)
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ရန်ကုန်တိုင်းငါးလုပ်ငန်း (လှော်ကားငါးလုပ်ငန်းစခန်း)
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ပြည်ပသွင်းကုန် အစားထိုးသံ သတ္တုစပ်ခြင်းနှင့် သံမဏိသွန်းထည်ပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းအကြောင်းသိကောင်းစရာ
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	စားချင်စဖွယ် မုန့်လုပ်ငန်း နည်းအသွယ်သွယ်(အုန်းစိမ်းနကျောက်ကျော၊ လိမ္မော်ပင်ပွားကျောက်ကျော)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	လက်ယက်သစ်ချောင်းပုံဖော်သစ်ထုတ်လုပ်မှုလုပ်ငန်း
၁၀း၃၀	သုံးဆယ်ရေလှောင်တမံ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	အမှတ်(၃)စက္ကူစက်ရုံ (ပလိပ်)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	Myanmar Video Rhythm
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၆-၂-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် မတ်လအတွက်

(၁၂-၃-၂၀၀၆)ရက်နေ့

နှင့်

(၂၆-၃-၂၀၀၆)ရက်နေ့

မြစ်ရေအနောက်ခြမ်းမှ ဖွံ့ဖြိုးမှုအလှပန်းများ

မြစ်တို့သည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်း၏။ မိဘများ၏ မေတ္တာသည် သားသမီးများအပေါ် စမ်းရေပမာ အေးမြစွာ သာတူညီမျှ ချစ်တတ်ကြ၏။ စန္ဒာလမင်းကြီး၏ အေးမြသောလရောင်သည် ကမ္ဘာမြေကြီးပေါ်သို့ မျှတစွာ ဖြန့်ကြက်ဖြာဆင်းကာ လူသားတို့၏ စိတ်နှလုံးအား ညီတူညီမျှ ချမ်းမြေ့မှုများ ပေးစွမ်း၏။ ထို့အတူ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ လျော့နည်းရေး၊ ပြည်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားရေးတို့ အတွက် လိုအပ်သော အစီအမံများ ချမှတ်၍ စနစ်တကျ အကောင်အထည် ဖော်ပေးလျက်ရှိ၏။ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေးစီမံကိန်းကြီး(၃)ရပ်ကို တစ်ပြိုင်နက်တည်း ပေါင်းစည်းဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အစိုးရသည် နိုင်ငံအတွင်း မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တံတားများဆောက်၊ လမ်းများဖောက်၍ ဒေသဖွံ့ဖြိုးရေး အစီအမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များနှင့် မကွေးတိုင်းအတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့များတွင် ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုများကို လက်တွေ့ကျကျ မြင်တွေ့နေရပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ သိသိသာသာ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလာပြီဖြစ်သည်။ နိုင်ငံတော်က ယခုကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် မြို့ပြနှင့် ကျေးလက် ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။ ယခုအခါ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးရွာတိုင်းလိုလိုပင် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာသည်ကို မြင်တွေ့နေရသည်။

ယင်းမာပင်မြို့ တိုးချဲ့ မြို့ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များတွင် တိုးချဲ့မြို့ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲများကို ကျင်းပပေးခဲ့ပြီး ဖြစ်သည်။

ဒေသခံပြည်သူများသည် သန့်ရှင်းသော သောက်သုံးရေများကို ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် အသုံးပြုနိုင်ကြပြီ ဖြစ်သလို စုပေါင်းအများသုံး အုတ်ရေကန်မှ တစ်ဆင့်လည်း အလွယ်တကူ ခပ်ယူအသုံးပြုနိုင်ကြပြီ ဖြစ်သည်။ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့များ၌ တိုးချဲ့ မြို့ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယင်းမာပင်မြို့၌ ကုန်ကျငွေကျပ် ၁၀၈ သိန်း၊ ပုလဲမြို့တွင် ကုန်ကျငွေကျပ် ၁၃၆ သိန်း၊ ဆားလင်းကြီးမြို့တွင် ကုန်ကျငွေ ကျပ် ၂၀၅ သိန်းတို့ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မြို့တွင်းကတ္တရာလမ်းများ ဖောက်လုပ်အဆင့်မြှင့်တင် ပေးရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို ၁၉၉၂ ခုနှစ်မှစ၍ ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ၃၄ ကျောင်းရှိပြီဖြစ်သည်။ ထိုကျောင်းများကို အမျိုးသမီးငယ်များ အိမ်တွင်းမှု အတတ်ပညာဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းသည့် အကျင့်စာရိတ္တ ကောင်းမွန်သော အမျိုးသမီးငယ်များ ဖြစ်လာစေရန်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန် ထက်မြက်လာစေ ရန်နှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှုပညာရပ်များ ပိုမိုထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးထားခြင်း ဖြစ်သည်။ ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီး မြို့များ၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ သင်တန်းကျောင်းများ၌ အခြေခံစက်ချုပ်၊ အဆင့်မြင့် စက်ချုပ်၊ ဇာထိုးပန်းထိုး၊ သိုးမွေးစက်ဆွဲ၊ အစားအစာနှင့် ဟင်းလျာချက်ပြုတ်နည်းပညာ စသည့်

ဇေယျာမျိုးထက်

အိမ်တွင်းမှု ပညာရပ်တို့ကို သင်ကြားပေးလျက်ရှိသည်။ သင်တန်းကျောင်းများတွင် ဒေသအတွင်းရှိ အမျိုးသမီးငယ်များ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ၁၄ ပတ် ကြာမြင့်သည်။ သင်တန်းတက်ရောက်စဉ် ကာလအတွင်း သင်တန်းကုန်ကျစရိတ် အားလုံးကို အခမဲ့ ဖြည့်ဆည်းဆောင်ရွက်ပေး သကဲ့သို့ သင်တန်းဆင်းပြီးပါကလည်း မိမိတို့ တတ်မြောက်ထားသည့် အိမ်တွင်းမှုပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းအတွင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များ၌ နိုင်ငံတော်၏ စေတနာကြောင့်ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးမှု အသီးအပွင့်များကို ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ခံစားနေရပြီ ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မကွေးတိုင်းအတွင်း ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် ပခုက္ကူ၊ ရေစကြို၊ ပေါက်၊ မြိုင်နှင့် ဆိပ်ဖြူမြို့နယ်များတွင် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း၊ မြို့ရေပေးဝေရေးလုပ်ငန်း၊ မြို့တွင်းလမ်းများ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးခြင်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် အမျိုးသမီးငယ်လေးများ စက်ချုပ်လေ့ကျင့်နေစဉ်။

မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းတွင် ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့များတွင် ကျေးရွာပေါင်း ၁၂၀၉ ရွာရှိသည့်အနက် ၁၀နှစ်စီမံကိန်းအရ ဆောင်ရွက်ပေးရမည့်ကျေးရွာ ၃၃၅ ရွာရှိရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၂၁၆ရွာအား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသောကျေးရွာ ၁၁၉ ရွာအား ခရိုင်လုံးကျွတ် စီမံကိန်းအဖြစ် ရေရရှိရေးလုပ်ငန်းပေါင်း ၁၁၉ ခုကို ဘဏ္ဍာငွေကျပ် ၂၂၈၆ သိန်းကျော်အကုန်အကျခံ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ပခုက္ကူခရိုင်လုံးကျွတ် ကျေးရွာအားလုံးရေရရှိခဲ့ပြီ ဖြစ်သည်။

မြို့ရေပေးဝေရေးလုပ်ငန်းအနေဖြင့် ပခုက္ကူမြို့တွင် ငွေကျပ် ၇၅၉ သိန်း၊ ရေစကြိုမြို့တွင် ငွေကျပ် ၅၈၁ သိန်း၊ မြိုင်မြို့တွင် ကျပ် ၅၁၅ ဒသမ ၇၅ သိန်း၊ ပေါက်မြို့တွင် ကျပ် ၃၂၃ သိန်း၊ ဆိပ်ဖြူမြို့တွင် ကျပ် ၂၀၈ ဒသမ ၃ သိန်း အသီးသီးအကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသများသာမက မြို့ပြနှင့် ကျေးလက်ဒေသများအပါအဝင် ပြည်နယ်၊ တိုင်းအားလုံး ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများ ခေတ်မီ ဖွံ့ဖြိုးစည်ပင်လာသကဲ့သို့ ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လျက် ရှိပေသည်။

ယခုအခါ **နိုင်ငံတော်က ထားရှိသောစေတနာကြောင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ပေါ်လာပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြသကဲ့သို့ ဖြစ်တည်ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းတိုင်းကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်သာ** ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်က ထားရှိသောစေတနာကြောင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည် ပေါ်လာပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြသကဲ့သို့ ဖြစ်တည်ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းတိုင်းကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်သာ...။



တိုင်းမှူးပိုလ်မှူးချုပ်လှငွေးဝင်းနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်အတွင်း ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဖေဖော်ဝါရီ ၂၁ရက် နံနက်၆နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်လမ်းတစ်လျှောက်ရှိ လမ်းဘေးလူသွားစင်္ကြံအား အဆင့်မြှင့်ခင်းကျင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းတစ်လျှောက်၌ စက်ယန္တရားများဖြင့် ကွန်ကရစ် ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့်အခြေအနေ **(အပေါ်ပုံ)** နှင့် လမ်းဘေးကွန်ကရစ်ရေနုတ်မြောင်း ချဲ့ထွင်တူးဖော်နေမှုကိုလည်းကောင်း၊ ဦးချစ်မောင်လမ်းနှင့် ဆရာစံလမ်းထောင့်၌ လမ်းဘေးအုတ်ရေနုတ်မြောင်းပြုလုပ်နေမှုကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းအား လမ်းသားတိုးချဲ့မြှင့်တင်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းအား လမ်းသားတိုးချဲ့ခင်းကျင်းရန် ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်အဝင် တော်ဝင်လမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က လမ်းများ သတ်မှတ်စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးအောင် အင်တိုက်အားတိုက် စနစ်တကျဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ်၁၉ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

ဂုဏ်ပြုပွဲကျင်းပမည်

အသက်(၇၅)နှစ်ပြည့်ပြီးအသင်းဝင်များအား သက်ကြီးပူဇော်ပွဲ၊ တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ စီမံထူးချွန်ဆုနှင့် လူမှုထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုပွဲများကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့နိုင်

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံမည့်သက်ကြီးများနှင့် ၂၀၀၅ ခုနှစ်တွင်ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော ကျောင်းသူကျောင်းသားများ စာရင်းကို မတ်၁၅ရက်နောက်ဆုံးထား၍ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) အသင်းတိုက် ဖုန်း-၂၂၆၅၈၀သို့ ဆက်သွယ် ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၂၃ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီးတို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၂)နှစ်မြောက် အမျိုးသားနေ့ ညစာ့ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Haji Aizul Abdul Aziz က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် ရေးသူဖတ်သူ စာပေဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီက မရမ်းကုန်းမြို့နယ် ၂၅ရပ်ကွက် ဦးထွန်းရှိန်လမ်းနှင့် ဧရာလမ်းထောင့်ရှိ မြို့နယ်ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြေလတ်ထင်ကျော်မိုးက ဆောင်ရွက်ပြီး မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (မရမ်းကုန်း)က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မောင်မောင်မြင့်အေး၊ စာရေးဆရာ မောင်ကျေးနူး၊ စာရေးဆရာနွမ်ဂျာသိုင်းတို့က စာပေရေးရာများ ဆွေးနွေးပြီး တက်ရောက်လာကြသော စာရေးဆရာများက ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(က-ပ)**

ပုသိမ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပုသိမ်အသင်း(ရန်ကုန်)အမှုဆောင် အဖွဲ့က ကြီးမှူးကျင်းပသည့် (၈၅)နှစ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးအခမ်းအနားကို ဖေဖော်ဝါရီ၁၉ရက် နံနက်၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃(စီ)ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၀၆ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးမှ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း(သီရိသုဓမ္မဓဇဗိုဇောတရေ) ဦးဆောင်သော အမှုဆောင်အဖွဲ့အား အသင်းဝင်များက ရွေးချယ်တင်မြှောက်ကြပြီး အလှူရှင်များက အလှူငွေ စုစုပေါင်းငွေကျပ် ၁၅၄၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)(က-ပ)**

မီးဘေးရှောင်၊ မလောင်ခင်တား

တမံလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက် သီးနှံစိုက်ပျိုးမှု အပိုင်းလိုက် ချိန်ကိုက်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ရက် နံနက်၉နာရီက မန္တလေးတိုင်း လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီး၌ တည်ဆောက်နေသည့် ချောင်းမငယ် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများဖြစ်သည့် ပင်မတမံတည်ဆောက်မှုတွင် ၄၀ရာခိုင်နှုန်းကျော် ပြီးစီးမှု၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်မှုတွင် ၉၀ရာခိုင်နှုန်း ပြီးစီးမှုနှင့် ပင်မတမံပြီးစီးရန် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဆည်ရေသောက်စနစ် တူးမြောင်းများ တည်ရှိမှုနှင့် ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တမံလုပ်ငန်းများ သတ်မှတ်ချိန် ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရေး၊ ရေပေးတူးမြောင်းများ ပြီးစီးမှုနှင့် ဆည်ရေပေးမှု၊ သီးနှံစိုက်ပျိုးမှုတို့ကို အပိုင်းလိုက်ချိန်ကိုက် ဆောင်ရွက်ရေး၊ ရေလှောင်တမံဝန်းကျင်၌ စားပင်နှင့်ကြက်ဆူပင်များ စီးပွားဖြစ်စိုက်ခင်း တည်ထောင်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ၊ အရိပ်ရပင် စိုက်ခင်းများကို လည်းကောင်း၊ ပင်မတမံတည်ဆောက်မှုနှင့်ရေထိန်းမျှော်စင်ရေထုတ်ပြွန် တည်ဆောက်မှု၊ ချောင်းပိုင်း၌ရေတားတမံတည်ဆောက်ပြီးစီးမှု၊ ရေပိုလွှဲအောက်ခြေကွန်ကရစ်လောင်းပြီး၍ ရေပိုလွှဲ အောက်ပိုင်း မြေသားများ ရှင်းလင်းမှုကို လည်းကောင်း၊ ကုန်းကြောတမံ (၁) တည်ဆောက်မည့်နေရာနှင့် ရေတားတမံ၌ ချောင်းရေ သိုလှောင်ထိန်းထားမှုတို့ကိုလည်းကောင်း၊ စက်ယန္တရားအင်အားဖြင့် ပင်မတမံမြေဖို့လုပ်ငန်းကိုလည်းကောင်း ကြည့်ရှု စစ်ဆေးရာ ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းပြသသည်။

ချောင်းမငယ်ရေလှောင်တမံသည် ချောင်းမငယ်ချောင်းအား ထိန်းသိမ်းရေပေးဝေနိုင်ရန် တည်ဆောက်လျက်ရှိသော မြေသားတမံဖြစ်ပြီး ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အလျား ၃၈၉ ပေရှိသည်။ ၆ပေx၄ပေ တစ်ပေါက် ရေထုတ်ပြွန်ပါရှိသည်။ ရေပိုလွှဲသည် အကျယ်ပေ ၈၀၊ အလျားပေ ၅၉၀ ရှိသည်။ ဆည်ရေပေးဝေနိုင်မှုမှာ ဧက ၈၀၀၀ ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ရောက်ရှိ

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ပျဉ်းမနားမြို့ ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာနသို့ ရောက်ရှိပြီး သုတေသနစိုက်ခင်း၌ ကြက်ဆူပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်တို့က ရှင်းလင်းပြသကြသည်။

မျိုးအလိုက်စိုက်ပျိုး

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဌာနအကြီးအကဲများသည် ကြက်ဆူပျိုးပင်များကို သုတေသနစိုက်ခင်း၌ မျိုးအလိုက်စိုက်ပျိုးကြသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃၁ ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်ဇိမာန်ကျောင်းဆရာတော်ဦးအာစရ(ဘုရားကြီးဩဝါဒါစရိယဆရာတော်ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ) ကိုယ်စား ဦးတင်ရွှေက ကျိုက်ဝိုင်းစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့်ထံ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဂရင်းရွိုင်ရယ်စပယ်ရှယ် ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2006) ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Northern Star Golf Club ၌ ကျင်းပသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ IBTC မှ Design And Development ဒါရိုက်တာ ဦးတင့်ဦးက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်အား လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းအားလည်းကောင်း၊ ဗိုလ်မှူးချုပ်ဇော်ထွန်း (လေ)အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် ကချင်ပြည်နယ်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးဆွေနှင့် MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးတို့က Consolation ဆုရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ဗိုလ်မှူးချုပ်ဇော်ထွန်း (လေ)က Nearest To The Pin ဆုရရှိသော အောင်ဆန်းအားလည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းက Longest Drive ဆုရရှိသော သန့်ဇင်ဦး အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က All Total ၁၃၇ချက်ဖြင့် ပထမရရှိသောသန့်ဇင်ဦး၊ All Total အချက် ၁၄၀ဖြင့် ဒုတိယရရှိသော Ar Chan၊ All Total အချက်၁၄၀ဖြင့် တတိယရရှိသော Yaw Seng နှင့် All Total ၁၄၁ချက်ဖြင့် စတုတ္ထ ရရှိသော

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြိုင်ပွဲတွင် ပထမရရှိသွားသော သန့်ဇင်ဦးအား ဆုချီးမြှင့်စဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အောင်ဆန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် IBTC မှ ဦးတင့်ဦးက Northern Star Golf Club ကို ရန်ပုံငွေလှူဒါန်းရာ Northern Star Golf Club အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်က လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Crusher Club Soda ၊ Srixon ၊ Grand Plaza Parkroyal Hotel တို့က အသီးသီး ပါဝင်ကူညီကြကာ မြစ်ကြီးနား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးမြို့ ရှင်မင်းပူးစေတီ ထီးတော်တင်လှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းမင်းဘူး(စကုမြို့နယ်) အမှတ်(၄)ရပ်ကွက်ရှိ ရေးအဆက်ဆက်ပျက်စီးယိုယွင်းလျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင် ရှင်မင်းပူးစေတီတော်မြတ်ကြီးထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပရေးအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက်က စေတီတော် ပရိဝုဏ်ရှိယာယီမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဟောင်းသမိုင်းဝင်ရှင်မင်းပူးစေတီတော်အားအထက်မင်းလှမြို့နယ် ဓမ္မကထိက တောရစာသင်တိုက်နှင့် မလွန်ရေခါး ပရိယတ္တိစာသင်တိုက်နာယကဆရာတော် မြကင်းတောင်တောရ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသာသန ဆရာတော်ကြီးက ကြီးမှူး မွမ်းမံပြင်ဆင်ခြင်းဖြစ်ပြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို မတ်၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ လှူဒါန်းလိုကြသည့် စေတနာရှင်များသည် ဂေါပကအဖွဲ့၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဦးကျော်လွင် ဖုန်း–၂၁၁၄၂နှင့် ၀၆၅–၂၁၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အလုံမြို့နယ် ရွှေငုဝါစာကြည့်တိုက် နှစ်ပတ်လည်ကဗျာရွတ်ဆိုပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ရွှေငုဝါကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကိုဖေဖော်ဝါရီ ၂၂ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အလုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမက စာကြည့်တိုက်နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဟောပြောသည်။

ထို့နောက် ရပ်ကွက်ရှိ ကလေးငယ်များ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ပေးအပ်ခဲ့ပြီး ပထမဆု ရရှိသူ ကျောင်းသူမတင်စံပယ်ဝင်းအား ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်စိုးက ဆုချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄–၂–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ မန်းချောင်းတံတား
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ English for Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၅ ၇။ အတီးပြိုင်ပွဲ
၁၇:၃၀ ၈။ **"အမွန်မြတ်ဆုံး လက်ဆောင်"** နေရဲလင်း၊ နှင်းဉ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၇:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ။၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း–၈)
၁၉:၄၅ ၁၄။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ (အပိုင်း–၂၀)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း–၁၀)

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ သစ်တောရေးရာနိုင်၊ တံခွန်နှင့် စီးပွား/ကူးသန်းသရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။



သစ်တောရေးရာအသင်းအတွက် အနိုင်ဂိုးများကို စည်သူမောင်နှင့် မင်းသူအောင်တို့က နှစ်ဂိုးစီသွင်းယူပေးသည်။ ယနေ့ပွဲစဉ်များအပြီးတွင် သစ်တောရေးရာအသင်းက (၁၂)ပွဲ ကစား ၁၆ မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက(၁၂)ပွဲကစား ၁၀ မှတ် ရရှိထားသည်။

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ တံခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်သုံးဂိုးစီသရေပွဲ ဖြစ်သွားသည်။ ယနေ့ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက (၁၂)ပွဲကစား အမှတ် ၃၀၊ တံခွန်အသင်းက (၁၂)ပွဲကစား ၂၁ မှတ် ရရှိထားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ၂၄ ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် စွန်ရဲအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယနေ့ မြန်မာစံတော်ချိန် ၀၅ နာရီ ၀၀မိနစ် ၃၅ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၅၀၀၀ ခန့် ကွာဝေးသောမြန်မာနိုင်ငံပြင်ပ (အာဖရိက မိုဇမ်ဘစ်နိုင်ငံ ဘီရာမြို့၏ အနောက်တောင်ဘက်မိုင်၁၄၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ် စတာစကေး၇ဒသမ၅ အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခုလှုပ်သွားကြောင်းမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အင်ပြည့် အားပြည့်

စီးပွား/ကူးသန်းမှ မျိုးမင်းထွန်းနှင့် တံခွန်မှ အောင်မိုးတို့၏ အင်ပြည့် အားပြည့်ကစားဟန်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်ဘောလုံးပွဲများ အကြိတ်အနယ်ယှဉ်ပြိုင်

အာဆင်နယ်၊ ဘာစီလိုနာနှင့် ဝါဒါဘရီမင်တို့ အနိုင်ရရှိ လီဗာပူး၊ ချယ်လ်ဆီးနှင့် ဂျူဗင်းတပ်စ်တို့ ရှုံးနိမ့်ခဲ့ကြ

မြူးနစ် ဖေဖော်ဝါရီ ၂၂

ဥရောပချန်ပီယံလိဂ် နောက်ဆုံး ၁၆ သင်း ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်၊ လိုင်ယွန်နှင့် ဘင်ဖီကာအသင်းတို့ အသီးသီးအနိုင်ရရှိကာ ပထမအကျော့အနိုင်ရမှု မှတ်တမ်းတင်နိုင်ခဲ့သည်။

အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရီးရဲမက်ဒရစ်မှ ရော်နယ်ဒို၏ထိုးဖောက်မှုကို ဆန်ဒရို့စ် ဟန့်တားရန် ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရီးရဲမက်ဒရစ်နှင့် အာဆင်နယ်

ရီးရဲမက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဘာနေဗျူး၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အွန်နရီက ဒုတိယပိုင်းပြန်စပြီး နှစ်မိနစ်အကြာတွင် သွင်းပေးခဲ့သည်။ အွန်နရီ၏ အနိုင်ဂိုးကြောင့် အာဆင်ဝင်းဂါး၏ ကျဆင်းနေသော ဂုဏ်သိက္ခာကိုမြှင့်တင်ပေးလိုက်သည်။ အာဆင်နယ်တို့ ယခုအနိုင်ရမှုကို မတ် ၈ ရက်တွင် ဟိုက်ဘူရီကွင်း၌ ကာကွယ်သွားရန် အရေးကြီးသည်။ နှစ်ဖက်စလုံး ပထမပိုင်းတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ကြချေ။

ထိုနေ့က အာစင်ဝင်းဂါး၏ အသင်းသားများ ခြေကုန်ထုတ်ကစားသွားခဲ့ကြသည်။ အာဆင်နယ်တွင် အွန်နရီ၊ ဆီးလ်ဗား၊ ရီးရက်စ်၊ ယွမ်းဘတ်စသော နာမည်ကြီးကစားသမားများ ပါဝင်ကစားခဲ့ကြသည်။

တစ်ဂိုးသက်သာ

အလားတူ ရီးရဲမက်ဒရစ်အသင်းတွင်လည်း ရော်နယ်ဒို၊ ဘက်ခမ်း၊ ဇီဒန်း၊ ကားလို့စ်စသော ကမ္ဘာကျော် ဘောလုံးသမားများ ပါဝင်ကစားခဲ့သည်။ ဒုတိယပိုင်းပြန်စပြီး မကြာမီမှာပင် ရီးရက်စ်ဘယ်တောင်ပံမှ ဖြတ်ပို့လိုက်သော ဘောလုံးကို အွန်နရီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ငါးမိနစ်အကြာ ရီးရက်စ်ကပင် ဒုတိယအကြိမ်ထိုးဖောက်တင်ပေးလိုက်ပြန်ရာ အဲဗာတန်ကစားသမားဟောင်း သောမတ်ဂရာဗီဆင် ဂိုးထဲမှနေ၍ ဖျက်ထုတ်လိုက်နိုင်သဖြင့် ရီးရဲမက်ဒရစ်တို့ တစ်ဂိုးသက်သာသွားခြင်းဖြစ်သည်။

ယင်းနောက် ကိုးမိနစ်အကြာတွင် ရီးရဲမက်ဒရစ်မှ ဂျိုနသန်ဝုဒ်ဂိတ်ခြေထောက် ကျိုးသွားသဖြင့် ၎င်းအစား အယ်ဗာရိုမီဂျာ ဝင်ကစားခဲ့သည်။ အာဆင်နယ် အသင်းသားများအတွဲညီညီ ဆက်လက်ထိုးဖောက်ကစားရာ ဘယ်တောင်ပံမှ ရီးရက်စ်တင်ပို့လိုက်သော ဘောလုံးကို အွန်နရီက လှလှပပ ခေါင်းတိုက်သွင်းယူသွားခဲ့သည်။ ရီးရက်စ် ဖြတ်တင်ပေးလိုက်ချိန်တွင် ဘက်ခမ်း အရောက်နောက်ကျနေသဖြင့် ကာကွယ်ချိန်မရလိုက်ဘဲ ဖြစ်သွားရသည်။

အာဆင်နယ်ဂိုးသမား လေးချ်မန်းက ဂိုးဧရိယာအတွင်း ရော်နယ်ဒိုက ဘက်ခမ်းကို ထိုးပေးလိုက်သော ဘောလုံးအား ဘက်ခမ်းက ကန်သွင်းရန်ကြိုးစားစဉ် အချိန်မီခြေထောက်ဖြင့် ဖျက်ထုတ်ကာကွယ်လိုက်ရသည်။

ဦးဆောင်ကစား

အာဆင်နယ်အသင်းသည် အွန်နရီ၏ဂိုးကြောင့် ကစားအားသွက်လာကာ ရီးရဲမက်ဒရစ်ကို ဦးဆောင်ကစားလာခဲ့သည်။ ရီးရဲမက်ဒရစ်မှ ရော်နယ်ဒိုနှင့် အသင်းခေါင်းဆောင် ဂူတီတို့ ချေပဂိုးသွင်းနိုင်ရန် အကြိတ်အနယ်ကစားလာခဲ့သည်။အာဆင်နယ်ဂိုးသမား လေးချ်မန်း ဘောလုံးကို အမြန်ကောက်ယူကာ ရီးရဲမက်ဒရစ်ဘက်သို့ ပစ်ပေးနေသည်။ ဘက်ခမ်း၏ အလွတ်တည်ကန်ဘောကို လူစားဝင်လာသူ ရာအူးလ်ခေါင်းတိုက် သွင်းယူရာ ဂိုးဘားတန်းပေါ်က ကျော်တက်သွားခဲ့သည်။

ဘေယန်မြူးနစ်-အေစီမီလန်

ဘေယန်မြူးနစ်အသင်းနှင့် အေစီမီလန်အသင်းတို့သည် ဘေယန်မြူးနစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသရေဖြစ်သွားခဲ့သည်။

ရှုံးပွဲမရှိစံချိန်ဆက်ထိန်း

နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ဘေယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်က အိမ်ကွင်းအတွက် ပွဲချိန် ၂၃ မိနစ်တွင် သွင်းယူခဲ့သည်။ သို့ရာတွင် ဒုတိယပိုင်းပြန်စပြီး ၁၃ မိနစ်အကြာတွင် ရှက်ဗ်ချင်ကိုက ပယ်နယ်တီဖြင့် အေစီမီလန်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ မီလန်အသင်းသည် ပြိုင်ပွဲတွင် အနိုင်ရရှိရန်အခွင့်အလမ်းများစွာရှိခဲ့သည်။ ဘေယန်မြူးနစ်ဖို့ ချေပဂိုးသွင်းခံရသော်လည်း ယင်းတို့၏ ကွင်းသစ်တွင် ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့သည်။

ပီအက်စ်ဗွီအိုင်ဟိုဗင်နှင့် လိုင်ယွန်

ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းနှင့် လိုင်ယွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် လိုင်ယွန်အသင်းကတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လိုင်ယွန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၅မိနစ်တွင် ဂျူနင်ဟိုကသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်သင်းသည် ပြီးခဲ့သောရာသီက ချန်ပီယံလိဂ်တွင် ကွာတားဖိုင်နယ်၌ ပီအက်စ်ဗွီက ပယ်နယ်တီဖြင့်အနိုင်ရခဲ့သည်။ ယင်းပွဲတွင် ပီအက်စ်ဗွီတို့ ရှုံးနိမ့်သော်လည်း ဂိုးသွင်းခွင့်များ ပို၍ရခဲ့သည်။ ပီအက်စ်ဗွီဂိုးသမား ရိုမက်စ်သည် ၂၅မီတာမှ လိုင်ယွန်ကစားသမား ဂျူနင်ဟိုအဝေးမှ လှမ်းကန်လိုက်စဉ် ပေါ့ဆမှုကြောင့် ဂိုးပေးလိုက်ရခြင်းဖြစ်သည်။ ပွဲပြီးခါနီး ၁၀မိနစ်အလိုတွင် ပီအက်စ်ဗွီတို့ ချေပဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ခဲ့ပေ။

ဘေယန်မြူးနစ်နှင့် အေစီမီလန်တို့ ယှဉ်ပြိုင်ကစားရာတွင် ဘေယန်မြူးနစ်မှ ဖီးလစ်လက်ချ်၏ ထိုးဖောက်မှုကို ကာကာ ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယပိုင်းတွင် လိုင်ယွန်ကစားသမား ရိုဘော့ နှစ်ဝါတစ်နီဖြင့် ထွက်သွားရသည်။ ပီအက်စ်ဗွီမှ လူစားဝင်လာသူ အာရူးနားကုန်းသည် ကစားကွင်းသို့ ဝင်လာပြီး ၆၄စက္ကန့် တွင် အပိုင်ခေါင်းတိုက်သွင်းယူရာ လိုင်ယွန်ဂိုးသမား ဂရီဂိုးရီကော်ပတ် ကာကွယ်နိုင်ခဲ့သည်။ယင်းနောက် ၁၄ မိနစ်အကြာ ပီအက်စ်ဗွီနောက်တန်း အလယ်ကစားသမားအဲလက်စ်အလွတ်ကန်သွင်းရာ ဂိုးဘားတန်းကိုထိပြီး ပြန်ထွက်သွားသဖြင့် လိုင်ယွန်တို့တစ်ဂိုး သက်သာသွားရသည်။ ပီအက်စ်ဗွီအသင်းသည် ၁၉၈၈ ခုနှစ်က ဥရောပချန်ပီယံဖလားကို ဆွတ်ခူးခဲ့သည်။



ချယ်လ်ဆီးနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘာစီလိုနာမှ ရော်နယ်ဒင်ဟို၏ ပြေးလွှားထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်ဖီကာနှင့်လီဗာပူး

ဘင်ဖီကာနှင့် လီဗာပူးအသင်းတို့သည် ဘင်ဖီကာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘင်ဖီကာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

လီဗာပူးအသင်းသည် ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သကဲ့သို့ ပေါ်တူဂီမှ ဘင်ဖီကာအသင်းသည် ၁၉၆၁ နှင့် ၁၉၆၂ တို့ တွင် ချန်ပီယံနှစ်ကြိမ်ဆက်တိုက်ဆွတ်ခူးနိုင်သည့် အသင်းတစ်သင်းဖြစ်သည်။ ဘင်ဖီကာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲပြီးရန်ခြောက်မိနစ်အလိုတွင် နောက်တန်းလူ လူးဝစ်ဆာအိုက သွင်းယူသွားခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ယခုနှစ်ရာသီမတိုင်မီက ဥရောပချန်ပီယံလိဂ် ၁၃ ပွဲတွင် တစ်ပွဲသာရှုံးနိမ့်ခဲ့သည်။ ယခုပြိုင်ပွဲမတိုင်မီက လီဗာပူးအသင်းသည် ဥရောပချန်ပီယံလိဂ်အဝေးကွင်း ၄၁ ပွဲတွင် ငါးပွဲသာရှုံးနိမ့်ခဲ့သည်။

အိပ်မက်ပျက်ပြယ်

လူးဝစ်ဆာအို၏ ပွဲသိမ်းဂိုးကြောင့် လီဗာပူးအသင်းသည် ဒုတိယအကျော့အဖြစ် မတ်လ ၈ ရက်တွင် အင်န်ဖီးလ်ကွင်း၌ အနိုင်ရရှိရေး အကြိတ်အနယ်ကစားရတော့မည်ဖြစ်သည်။ လီဗာပူးအသင်းတွင် ပွဲအစပိုင်း၌ စတီဗင်ဂျရတ် ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ ပွဲပြီးခါနီး ၁၂ မိနစ် အလိုတွင် စတီဗင်ဂျရတ်က ဆစ်ဆိုကိုအစားဝင်ကစားခဲ့ရသည်။ စတီဗင်ဂျရတ် အစပိုင်းတွင် ပါဝင်မကစားခဲ့သဖြင့် လီဗာပူးတို့ ကွင်းလယ်ဖန်တီးမှု ပျက်ပြားခဲ့ရပြီး ဘင်ဖီကာတို့၏ ထိုးဖောက်မှုကို ဟန့်တားနိုင်ခြင်းမရှိခဲ့ပေ။ ဂျရတ်ဒဏ်ရာ အနည်းငယ်ရရှိထားသဖြင့် ဘင်နီတက်ဇ်၏ အိပ်မက်ပျက်ပြယ်သွားရသည်။

ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းက ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲများ ဆက်လက်ကစားခဲ့ကြရာ ဘာစီလိုနာအသင်းက ချယ်လ်ဆီးအိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ချယ်လ်ဆီးနှင့် ဘာစီလိုနာ

ချယ်လ်ဆီးနှင့် ဘာစီလိုနာတို့သည် ပထမ ၁၆ သင်းမှ လွန်မြောက်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ၃၆ မိနစ်အကြာတွင် ချယ်လ်ဆီးအသင်းမှ ဒယ်ဟော်နိုက ဘာစီလိုနာမှ လီယိုနယ်မက်ဆီကိုလူချကစားသဖြင့် ဒိုင်လူကြီးက အနီကတ်ပြပြီး ပြိုင်ပွဲမှထုတ်ပယ်လိုက်သည်။

ချယ်လ်ဆီးတို့ ၁၀ ယောက် ၁၁ ယောက်ဖြင့် ကစားနေရသည်။ သို့သော်လည်း ဘာစီလိုနာမှ တီယာဂိုမော့တာက ဒုတိယပိုင်းတွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသဖြင့် ချယ်လ်ဆီးတို့တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့ပြန်သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာတို့ ချယ်လ်ဆီးဘက်သို့ ဖိကစားလာသည်။ ပွဲချိန်မိနစ် ၇၀ တွင် ရော်နယ်ဒင်ဟိုအလွတ်တည်ကန်ဘောကန်သွင်းစဉ် ချယ်လ်ဆီးကစားသမား ဂျွန်တယ်ရီခေါင်းတိုက်ရာ၌ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလိုဖြစ်သွားပြီး ဂိုးသမားပီတာချက်ကိုကျော်၍ ဂိုးဝင်သွားခဲ့သည်။

ပွဲချိန် မိနစ် ၈၀ တွင် ဘာစီလိုနာမှ ဟာဆွန်နှင့် ရော်နယ်ဒင်ဟိုတို့ အတိုင်အဖောက်လုပ်၍ ဘောလုံးကိုဆွဲယူလာစဉ် ဂျွန်တယ်ရီရှင်းထုတ်သော်လည်း ဆမ်မြူရယ်အီတူးက ဘာစီလိုနာအတွက် ခေါင်းတိုက်ဂိုးသွင်းယူသွားခဲ့၍ ဘာစီလိုနာက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဝါဒါဘရီမင်နှင့် ဂျူဗင်းတပ်စ်

ထိုနေ့က ဂျာမနီမှ ဝါဒါဘရီမင်းအသင်းနှင့် အီတလီချန်ပီယံ ဂျူဗင်းတပ်စ်တို့ ဝါဒါဘရီမင်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဝါဒါဘရီမင်က ဂျူဗင်းတပ်စ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

အိမ်ရှင်ဂျာမန်အသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ခရစ္စတီယံချူဇ်က ပွဲချိန် ၃၉ မိနစ်တွင် သွင်းယူခဲ့သည်။ သို့ရာတွင် နက်ဗက်နှင့် ဒေးဗစ်ထရေးဇီဂေးတို့က ဒုတိယပိုင်းတွင် တစ်ဂိုးစီသွင်းပေးခဲ့ကြသည်။ ယင်းတို့သွင်းပြီး သုံးမိနစ်အကြာ ပွဲချိန် ၈၇ မိနစ်တွင် ဘိုရော့စကီးက ဝါဒါဘရီမင်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီးနောက် လေလွင့်ချိန်များကစားရာတွင် မီကော့က အိမ်ရှင်ဝါဒါဘရီမင်အသင်းအတွက် အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သည်။

ထိုနေ့က ရိန်းဂျားစ်နှင့် ဗီလာရီးယဲ၊ အေဂျက်ဇ်နှင့်အင်တာမီလန်တို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲများ ဖြစ်ခဲ့ကြသည်။ ။

(အင်တာနက်)

စုစည်းတင်ပြသူ **မြင့်ခိုး**

24-2 (13).p65 1 3/25/1905, 9:20 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သင်ရိုးသစ် ဓာတုဗေဒ ဘာသာသင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
သင်ရိုးသစ်ဓာတုဗေဒ သိမှတ်ဖွယ်ရာ

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းတို့၏ လမ်းညွှန်ချက်များနှင့်အညီ ယခုနှစ် တက္ကသိုလ်ဝင်တန်း(ဒသမတန်း) စာမေးပွဲကြီးမှာ ဓာတုဗေဒဘာသာရပ်ကို သင်ရိုးသစ်နဲ့ သီးသန့်ဘာသာရပ်အနေဖြင့် စစ်ဆေးမှာဖြစ်ပါတယ်။

ဓာတုဗေဒသင်ရိုးသစ်မှာ Chapter (1) to Chapter (15) အထိပါရှိတယ်။ Chapter (1) ကတော့ The electronic structure of atoms, periodic table and chemical bonds အခန်းပဲ ဖြစ်တယ်။ ဒီအခန်းမှာ Atom ထက်သေးငယ်တဲ့ အမှုန်များဖြစ်တဲ့ proton, neutron နဲ့ electron တွေ အကြောင်းကို လေ့လာရမှာဖြစ်ပြီး Atom တွေရဲ့ electron တည်ဆောက်ပုံကို အသေးစိတ်လေ့လာရပါမယ်။ ဒါ့အပြင် ဒြပ်စင်များရဲ့ အလှည့်မှန်ဇယား The Periodic Table of the Elements ကို ထပ်မံသင်ယူရပါမယ်။ ထိုမှတစ်ဖန် ဒြပ်စင်များ (Elements)ကို လျှပ်စစ်ဓာတ်ဖို ဒြပ်စင် (Electropositive elements) နဲ့ လျှပ်စစ်ဓာတ်မဒြပ်စင် (Electronegative elements)များ အကြောင်းကို သိရှိရမှာဖြစ်တယ်။ Atom အရွယ်အစား၊ Atom များ၏ Ionization energy နဲ့ Electron affinity အကြောင်းတွေအပြင် ဓာတ်စည်းများဖြစ်တဲ့ လျှပ်စစ်စည်း (Ionic bond)၊ ဖက်စပ်စည်း (Covalent bond)၊ ပေးမျှစည်း (Coordinate bond)နဲ့ သတ္တုစည်း (Metallic bond) တွေအကြောင်း စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

Chapter (2) ဖြစ်တဲ့ The Gaseous State and the Gas Laws အခန်းမှာ ဓာတ်ငွေ့အခြေတွင် ထုထည် (Volume)၊ဖိအား (Pressure) နဲ့ အပူချိန် (Temperature) တို့ တစ်ခုနဲ့တစ်ခု ဆက်သွယ်ပုံ ဓာတ်ငွေ့များနဲ့ ပတ်သက်တဲ့ Boyle's Law, Charles' Law, Dalton's Law of partial pressure, Avogradro's Theory, Gay-Lussac's Law of Combining volumes of gases, Graham's Law of gaseous diffusion တွေအကြောင်းအပြင် ယင်းတို့နဲ့ဆက်နွှယ်တဲ့ ပုစ္ဆာတွေကို တွက်ချက်ရမှာဖြစ်တယ်။

Chapter (3) Stoichiometry အခန်းမှာ ဓာတုဗေဒညီမျှခြင်းတွေ၊ ဓာတ်ပြုခြင်းတွေကို ဓာတု၊ သင်္ချာအနေဖြင့် ဖြေရှင်းလေ့လာရမှာဖြစ်တယ်။

Chapter (4) Electrolysis လျှပ်စစ်ဓာတ်ဖြိုခွဲခြင်း အခန်းမှာ Conductors, Electrolyte and Electrical Conductivity အကြောင်း၊ The ionic theory နှင့် Electrolysis of salt solutions အကြောင်းအပြင် Faraday's law of electrolysisနဲ့ သက်ဆိုင်တဲ့ပုစ္ဆာများကို လေ့လာဖြေရှင်းရမှာဖြစ်တယ်။

Chapter(5)ကတော့ Oxidation and Reduction အခန်းဖြစ်တယ်။ ဒီအခန်းမှာ ဓာတ်တိုးခြင်းနှင့် ဓာတ်လျော့ခြင်း၊ ဓာတ်ပြုခြင်းတွေကို လေ့လာရမယ်။ ဓာတ်တိုးပစ္စည်း Oxidizing agent၊ ဓာတ်လျော့ပစ္စည်း Reducing agent အကြောင်းအရာတွေ၊ ဓာတ်တိုးခြင်း၊ ဓာတ်လျော့ခြင်း ညီမျှခြင်းများညှိခြင်း (Balancing Oxidation-Reduction Equation)ကို စနစ်တကျ လေ့လာကြမယ်၊ လေ့ကျင့်ကြရမယ်၊ Ion-electron (half-reaction) method နဲ့ ညီမျှခြင်းများ ညှိနည်းကိုပါ အသေးစိတ်လေ့လာကြရပါမယ်။

Chapter(6)Rates of reactions and equilibria အခန်းမှာ ဓာတ်ပြုခြင်းနဲ့ ဓာတ်ပြုနှုန်း ဓာတ်ပြုညီမျှခြေများကို ဥပမာများဖြင့် လေ့လာပြီး သင်ယူရမှာဖြစ်တယ်။ အထူးသဖြင့် လီချာတလီးယား နိယာမ (Lechatelia's Principle)ကို သုံးပြီး ဓာတ်ပြုညီမျှခြေများကို လေ့လာမှာဖြစ်တယ်။

Chapter(7)Energy changes in chemical reaction အခန်းမှာတော့ စွမ်းအင်အမျိုးမျိုးဖြစ်တဲ့ အရွေ့စွမ်းအင်(Kinetic energy)၊ အတည်စွမ်းအင်(Potential energy)၊ အပူစွမ်းအင် (Thermal energy)၊ ဓာတုစွမ်းအင်(Chemical energy)နဲ့ လျှပ်စစ်စွမ်းအင် (Electrical energy)၊ မော်တာမှ ထုတ်ယူရရှိတဲ့ စက်မှုစွမ်းအင် (Mechanical energy) အကြောင်းအရာတွေကို ဆက်စပ်လေ့လာရမှာဖြစ်တယ်။ အထူးသဖြင့် ဒီအခန်းမှာ ဓာတ်ပြုခြင်း၌ ဖြစ်ပေါ်သော အပူထွက်ဓာတ်ပြုခြင်း (Exothermic reaction)၊ အပူစုပ်ဓာတ်ပြုခြင်း (Endothermic reaction)တွေကို သင်ယူရပါမယ်။ ဒါ့အပြင် ဓာတ်ပြုခြင်း လောင်ကျွမ်းအပူ (Heat of combustion)၊ ဒြပ်ပေါင်းဖြစ်အပူ (Heat of formation)၊ ဓာတ်ပြယ်ခြင်းအပူ (Heat of neutralization) အကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး Hess's law of constant heat summation ပုစ္ဆာတွေကို တွက်ထုတ်ပြီး လေ့လာရမှာဖြစ်လို့ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

Chapter(8)Some important metals and their compounds အခန်းမှာ အရေးကြီးတဲ့ သတ္တုများဖြစ်တဲ့ ဆိုဒီယမ် (Sodium)၊ မဂ္ဂနီဆီယမ် (Magnesium)၊ ကယ်လ်ဆီယမ် (Calcium)၊ အလူမီနီယမ်(Aluminium)၊ ခဲ(Lead) အစရှိသော သတ္တုများထုတ်ဖော်နည်းနဲ့ ဓာတ်ပြုခြင်းများကို လေ့လာသင်ယူရပါမယ်။

Chapter(9) ဖြစ်တဲ့ Some important metals and their compounds အခန်းမှာ စက်မှုလုပ်ငန်းမှာ အရေးကြီးသော သတ္တုများဖြစ်တဲ့ သံ (Iron)၊ ကြေးနီ (Copper)၊ ငွေ (Silver)၊ သွပ် (Zinc) တို့ရဲ့ ထုတ်ယူနည်းများ၊ သတ္တုဒြပ်ပေါင်းများရဲ့ ထုတ်ဖော်နည်း ဓာတ်ပြုခြင်းများ၊ ဓာတ်ဂုဏ်သတ္တိများနဲ့ အသုံးပြုနည်းများကိုပါ လေ့လာသင်ယူရပါမယ်။

Chapter (10)အခန်းမှာ Nitrogen ဓာတ်ငွေ့ထုတ်ဖော်ပုံ ဂုဏ်သတ္တိများနဲ့အသုံးပြုပုံများကို သင်ယူရပါမယ်။ ဒါ့အပြင် Nitrogen ရဲ့ အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Ammonia(NH_3), Nitrogen oxide (NO), Dinitrogen oxide (N_2O), Nitrogen dioxide (NO_2), Nitric acid (HNO_3) စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရပါမယ်။

Chapter (11) Sulphur and its Compounds အခန်းမှာကန့် Sulphur ကိုမည်သို့ ထုတ်ဖော်ပုံ၊ အသွင်ကွဲများ တည်ဆောက်ပုံနှင့် ရုပ်နှင့်ဓာတ်ဂုဏ်သတ္တိများကို အသေးစိတ်လေ့လာရမှာ ဖြစ်တယ်။ ဒါ့အပြင် Sulphur ရဲ့ အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Hydrogen sulphide(H_2S), Sulphur dioxide (SO_2), Sulphur trioxide (SO_3), Sulphuric acid (H_2SO_4) စသည်တို့ရဲ့ထုတ်ဖော်ပုံ ဂုဏ်သတ္တိများ၊ ဓာတ်ပြုခြင်းများကို စိတ်ဝင်စားဖွယ်လေ့လာရမှာ ဖြစ်တယ်။

Chapter (12) The Halogens အခန်းမှာ ဟေလိုဂျင်များဖြစ်တဲ့ Chlorine (Cl_2), Bromine, (Br_2), Iodine (I_2)တို့ရဲ့ ထုတ်ဖော်ပုံဂုဏ်သတ္တိများကို စနစ်တကျသင်ယူရပါမယ်။

Chapter (13) Acids, Bases and their neutralization အခန်းမှာ အက်ဆစ်များ၊ ဗေ့များရဲ့ Theory များ၊ The hydrogen ion exponent(pH) အက်ဆစ်ပြင်းအား (Strength of acids) အက်ဆစ်နှင့်ဗေ့ဓာတ်ပြုခြင်းများ (Neutralization of acids and bases) ဆားများ ရေသွင်းဖြိုခွဲခြင်း (Hydrolysis of salts)၊ ကြားခံဖျော်ရည် (Buffer solution)၊ အညွှန်းပစ္စည်းများ (Indicators)၊ ထုထည်တိုင်းဓာတ်ခွဲခြင်း (Titration or volumetric analysis) တို့ရဲ့သဘောတရားနဲ့ လက်တွေ့လုပ်ငန်းတွင် အသုံးပြုပုံများကို ဥပမာများဖြင့် လေ့လာတွက်ချက်ပြီး အဖြေရှာရမှာဖြစ်တယ်။

Chapter (14) Organic chemistry အခန်းမှာ Carbon Compounds များဖြစ်တဲ့ Alkane (ပြည့်ဝဟိုက်ဒရိုကာဗွန်) သို့မဟုတ် တစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန် မပြည့်ဝဟိုက်ဒရိုကာဗွန်ဖြစ်တဲ့ alkene သို့မဟုတ် နှစ်ထပ်စည်းပါဟိုက်ဒရိုကာဗွန်၊ alkyne သို့မဟုတ် သုံးထပ်စည်းပါဟိုက်ဒရိုကာဗွန်တို့ရဲ့ ထုတ်ဖော်ပုံဓာတ်ပြုခြင်းများ၊ ဒြပ်ပေါင်းများရဲ့ Graphic formula,Electron dot-cross formula၊ အမည်ပေးစနစ် (Nomenclature) တို့ကိုပါ အသေးစိတ်လေ့လာရပါမယ်။ ဒါ့အပြင် ဆေးဝါးနဲ့စက်မှုလုပ်ငန်းမှာအသုံးဝင်တဲ့ အက်သနော (Ethanol) ရဲ့ ထုတ်ဖော်ပုံအမျိုးမျိုးနဲ့ ဓာတ်ပြုညီမျှခြင်းများကို လေ့လာရပါမယ်။

Chapter (15) Chemistry in Society အခန်းမှာ ခေတ်မီလယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အရေးပါတဲ့ဓာတ်မြေဩဇာ (Chemical fertilizers)အကြောင်းတင်ပြထားပါတယ်။ အကြောင်းကတော့ စပါးအပါအဝင် ကောက်ပဲသီးနှံ စိုက်ပျိုးတဲ့အခါမှာ အပင်များရဲ့အာဟာရဓာတ်ဖြစ်တဲ့ Nitrogen (N), Phosphorus (P), Potassium (K) တို့ကို ဓာတ်မြေဩဇာက မြေမှတစ်ဆင့် ဖြန့်ဝေပေးပါတယ်။ မြေမှတစ်ဆင့် စပါး၊ ကောက်ပဲသီးနှံများ အာဟာရဓာတ်ရတဲ့အခါ အပင်ကြီးထွားမှု၊ အသီးနှင့်အစေ့ကြီးထွားသဖြင့် စပါးအထွက်တိုးခြင်း စသည်တို့ကို အကျိုးခံစားရပါတယ်။ ဒီအခန်းမှာ Nitrogen fertilizer ဖြစ်တဲ့ Urea, Ammonium Suphate, Ammonium nitrate ထုတ်ဖော်အသုံးပြုပုံများ၊ Phosphate fertilizer ဖြစ်တဲ့ Superphosphate, potassium fertilizer ဖြစ်တဲ့ potassium chloride, potassium sulphate ထုတ်ဖော်အသုံးပြုပုံများကို ရှင်းပြထားပါတယ်။

ဒါ့အပြင် ဆောက်လုပ်ရေးတွင် အရေးကြီးတဲ့ဘိလပ်မြေ (cement)ထုတ်ဖော်နည်းနှင့် ဓာတုဗေဒအခြေခံသဘောတရားတွေကို လေ့လာရပါမယ်။ ပင်လယ်ရေမှအသုံးဝင်လှတဲ့ အိမ်သုံးဆား (Sodium chloride) ထုတ်ဖော်နည်းများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

ယခုနှစ် တက္ကသိုလ်ဝင်တန်း ဓာတုဗေဒဘာသာ သင်ရိုးသစ်မေးခွန်းလွှာမှာ အမှတ်(၁၀၀)ဖိုးဖြစ်တယ်။ မေးခွန်းလွှာမှာအပိုင်း နှစ်ပိုင်းပါတယ်။ Section (A) နှင့် Section (B) ဖြစ်တယ်။ Section (A) မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ (objective type questions)များဖြစ်ပြီး အမှတ် (၃၆)မှတ်ဖိုးဖြစ်တယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်း(၅)မျိုးကို မေးထားတယ်။ ယင်း(၅)မျိုးကတော့–

(၁) မှန်/မှား ရွေးချယ်မေးခွန်း။ (True or False question type) အတွက်အမှတ်(၇)မှတ်။
(၂) ကွက်လပ်ဖြည့်စွက်ခြင်း။ (Fill in the blank question type) အတွက်အမှတ်(၇)မှတ်။
(၃) အမှန်ဆုံးကိုရွေးချယ်ခြင်း။ (Multiple choice question type) အတွက်အမှတ်(၇)မှတ်။
(၄) တူညီသော အကြောင်းအရာကို ပူးတွဲစီရီပေးခြင်း (Matching type question type) အတွက် အမှတ်(၇)မှတ်။
(၅) မေးခွန်းတိုမေးခြင်း။ (Short question type)အတွက် အမှတ်(၈)မှတ်။
စုစုပေါင်း (၃၆)မှတ်ဖြစ်တယ်။

Section (B) မေးခွန်းမှာ နံပါတ်(၆)၊ (၇) နှင့် (၈)ပါပြီး စုစုပေါင်း (၆၄)မှတ်ဖိုး ဖြစ်တယ်။ အမှတ်ခွဲဝေပုံမှာ မေးခွန်းနံပါတ်(၆)အတွက် (၂)မှတ်တန် ၆–ပုဒ်ဖြေရပြီး (၁၂)မှတ်၊ မေးခွန်းနံပါတ်(၇)မှာ မေးခွန်း ၅–ပုဒ်ဖြေရပြီး (၄)မှတ်တန်မေးခွန်းမို့ (၂၀)မှတ်၊ မေးခွန်းနံပါတ်(၈)မှာ မေးခွန်း ၄–ပုဒ်ဖြေရပြီး တစ်ပုဒ်(၈)မှတ်တန်မေးခွန်းဖြစ်သဖြင့် (၃၂)မှတ်ဖြစ်တယ်။

မေးခွန်းနံပါတ်(၆)တွင် ရွေးချယ်စရာမပေးဘဲ ပုဒ်ရေ(၆)ပုဒ်ဖြစ်၍ (၁၂)မှတ်၊ မေးခွန်းနံပါတ်(၇)တွင် ပုဒ်ရေ ၈–ပုဒ်မှ ၅–ပုဒ်ရွေးချယ်ဖြေဆိုရ၍ (၂၀)မှတ်၊ မေးခွန်း(၈)တွင် ၈–ပုဒ်မှ ၄–ပုဒ်ရွေးချယ်ဖြေဆိုရ၍ (၃၂)မှတ်၊ ထို့ကြောင့် မေးခွန်း(၆)တွင် (၁၂)မှတ်၊ မေးခွန်း(၇)တွင် (၂၀)မှတ်နှင့် မေးခွန်း(၈)တွင် (၃၂)မှတ်ပေးတာမို့ Section (B) အတွက် စုစုပေါင်း (၆၄)မှတ် ဖြစ်တယ်။

သို့ဖြစ်သောကြောင့် ဓာတုဗေဒသင်ရိုးသစ်မှာ အခန်း(၁၅)ခန်းပါတာမို့ Section(A)နဲ့ Section (B)မေးခွန်းပိုင်းမှာ မျှမျှတတ ပါမှာဖြစ်တယ်။ အခြေခံသဘောတရားကိုသာပိုင်ရင် မေးခွန်းတွေကို ရွေးချယ်ဖြေဆိုတဲ့နေရာမှာ မှန်မှန်ကန်ကန်ရွေးချယ်တတ်တာမို့ အမှတ်မြင့်မြင့်ရမှာ ဖြစ်တယ်။

အထူးသဖြင့် Section(A) ဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တာမို့ အမှတ်ပြည့်နီးပါးရနိုင်အောင် ဓာတုဗေဒသင်ရိုးမှာ လေ့ကျင့်ခန်းပါ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို လေ့ကျင့်ထားဖို့ လိုပါတယ်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနကထုတ်ဝေတဲ့ ဓာတုဗေဒဂျာနယ်ကို ဖတ်ရှုလေ့လာရင် Section (A)နဲ့ Section (B) မှာမေးထားတဲ့ မေးခွန်းပုံစံကိုဖြေနည်းသိရှိမှာဖြစ်တယ်။ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုတဲ့ စကားလုံးများအတိုင်း စနစ်တကျလေ့လာ လေ့ကျင့်ထားရင် စာမေးပွဲကြီးမှာ ကောင်းမွန်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။ အမှတ်များများလည်း ရမှာဖြစ်တယ်။

မောင်မယ်တို့အားလုံး ယခုနှစ်မှာ ဖြေဆိုရမယ့် ဓာတုဗေဒသင်ရိုးသစ် မေးခွန်းလွှာကို အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ။

မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန် ဇန်နဝါရီ ၁၆ ရက်က ဦးဘစံ-ဒေါ်လှကြည်တို့အား အမှူးထားပြီး ဦးဘတုပ်-ဒေါ်အောင်မေတို့အားရည်စူး၍ မြိတ်မြို့ နောက်လယ်ရပ် အောက်လမ်းမကြီးနေ ဦးထွန်းရ၊ ဒေါ်ဂင်မော် (တက်နေလင်း) မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။
(၁၆၈)

ပန်းတနော် သမိုင်းဝင်ရွှေမြင်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ပန်းတနော် ဖေဖော်ဝါရီ ၁၈

ပန်းတနော် မြို့နယ်လုံးဆိုင်ရာ သမိုင်းဝင်ရွှေမြင်တင် စေတီတော်၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို စေတီတော်ဝင်း အတွင်း၌ တပေါင်းလဆန်း ၉ ရက်မှ တပေါင်း လပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ဗီဒီယို၊ အငြိမ့်၊ ဇာတ်သဘင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ ပင့်သံဃာ အပါး ၁၀၀ နှင့် သီလရှင် ၆၈ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ပြီး ရန်ကုန်ရောက် ပန်းတနော်မြို့နယ် အသင်းကလည်း နှစ်စဉ်လှူဒါန်းသည့် စတုဒိသာ ထမင်းကျွေးမွေး လှူဒါန်းမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၄၆-၃၀၁၆၀၊ အတွင်းရေးမှူး ဦးကံရင် ဖုန်း-၀၄၆-၃၀၄၄၈ နှင့် ဘဏ္ဍာရေးမှူး ဦးမင်းညွန့် ဖုန်း-၀၄၆-၃၀၁၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(၃၂၇)

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အဖွဲ့ ဇန်နဝါရီ ၂၃ ရက်က မြို့တွင်းလမ်းပေါက်များ ဖာထေးမှုကို စစ်ဆေးဆောင်ရွက်ကြစဉ်။
(မြို့နယ် စည်ပင်)

မိုင်းယောင်းမြို့ ဗလမင်းထင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မိုင်းယောင်း ဖေဖော်ဝါရီ ၁၅

မိုင်းယောင်းမြို့တွင် ဗလမင်းထင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်က အဖွင့်အမှာ စကားပြောကြားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးဝင်းနိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဗိုလ်မှူးချုပ်ဝင်းအောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။
(အပေါ်ပုံ)

အဆိုပါ မြို့တွင်းကတ္တရာလမ်းမှာ အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေရှိပြီး ကတ္တရာထပ်ပိုးလွှာတင်ခြင်းနှင့် ရေပိတ်လွှာခင်းခြင်းအတွက် တစ်မိုင်၊ လမ်းပေါက်ဖာထေးခြင်းနှင့် ရေပိတ်လွှာခင်းခြင်းအတွက် တစ်မိုင်စုစုပေါင်းနှစ်မိုင်ဖြစ်ပြီး တံတား သုံးစင်း အပါအဝင် ငွေကျပ် ၆၄၉ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟိုပုံးမြို့၌ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ပညာပေးဟောပြော၊ အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်

ဟိုပုံး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ဟိုပုံးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဟိုပုံးမြို့ အခြေခံပညာအထက်တန်းကျောင်းမှကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် အမျိုး သမီးရေးရာအဖွဲ့၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်ခင်သင်းကြည်က အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြား၍ မြို့နယ်အမျိုးသမီး သက်ငယ် ၃၃၉ ဦးတို့သည် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါချို့က လက်ခံရယူသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စကားဝိုင်းဖွဲ့၍ အမျိုးသမီးရေးရာကိစ္စများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၂၅-၂-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးအစီအစဉ် (မွေးမြူရေးရာပြန်ကြားလွှာ-၂၉)
၁၁း၃၅ အဘိုးအဘွားအလေးထား (ပေါင်းတည်ဘိုးဘွားရိပ်သာ)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂း၁၀ နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-ရုပဗေဒ သင်ပြနည်း)

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာအစီအစဉ် (ရူပဗေဒ)
၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း(ခ) ဖြူစင်သူနှင့် စစ်ကိုင်းတိုင်းမှ မယမင်းထွန်းတို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကြံ့ခိုင်စေရေး နေရာမရွေးလေ့ကျင့်ပေး-အောင်ကောင်း)
၁၈း၄၅ သိမှတ်စရာကွန်ပျူတာ (Digital World ၏ သိကောင်းစရာများ)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ကမ္ဘာကျော်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပိုင်သက်ကျော်၏ စပယ်ပုံပြင်တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

မိတ္ထီလာမြို့၌ မူလတန်းကျောင်းအတွက် စက်ရေတွင်းလှူဒါန်း

မိတ္ထီလာ ဖေဖော်ဝါရီ ၁၈

မိတ္ထီလာမြို့ ပြည်သာယာ(၁) လမ်း အမှတ်(၁၃၇)အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသူ၊ ကျောင်း သားလေးများ သောက်သုံးရေ ရရှိရေးအတွက် မိတ္ထီလာမြို့ ဝန်ထမ်း အိမ်ရာ၊ ပြည်သာယာ(၄)လမ်းနေ ထောင်မှူး ဦးမြင့်လွင်(ငြိမ်း)နှင့် ဒေါ်နန်းစွန်ဖောင်း(ခေမရဋ္ဌဘော်ဒါနှင့် ရှမ်းခေါက်ဆွဲ လုပ်ငန်း)တို့က လှူဒါန်းသည့် စက်ရေတွင်း ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်က အဆိုပါကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စက်ရေတွင်း အလှူရှင် ဦးမြင့်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးလှထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။**(အပေါ်ယာပုံ)**

လှူဒါန်း

အဆိုပါ အမက (၁၃၇)ကျောင်း၌ ကျောင်းသူ ကျောင်းသား ၄၀၀ခန့်ရှိပြီး ကျောင်းဖွင့်ချိန်တွင် သောက်သုံးရေရရှိရေးအတွက် အလှူရှင် ဦးမြင့်လွင်နှင့်ဒေါ်နန်းစွန်ဖောင်းတို့က နှစ်လက်မ စက်ရေတွင်းတစ်တွင်း၊ ရေတင်စက်တစ်ခုနှင့် ရေလှောင်ကန်တစ်ကန်တို့ကို ငွေကျပ် ၄၅၀၀၀၀ ဖြင့် အကုန်အကျခံ၍ လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ (၄၁၄)

ရွာငံမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ရွာငံ ဖေဖော်ဝါရီ ၁၅

ရွာငံမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက ရွာငံမြို့နယ် မြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဝင်းက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေပြည်သူလူထု ကူညီပံ့ပိုးမှုများဖြင့် မှုခင်းများ လွယ်ကူလျင်မြန်စွာ ဖော်ထုတ်နိုင်ရန် ရှင်းလင်းပြောကြားပြီး မြို့နယ် စခန်းမှူး ရဲအုပ်ဝင်းအောင်က မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စခန်းမှူး ရဲအုပ်ဝင်းအောင်က အခမ်းအနားတက်ရောက်လာသူများအား မှုခင်းမဲ့ရက်သတ္တပတ် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဝင်း၊ ရဲအုပ်ဝင်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြိုင်ဇုန်ကိုးရွာမှ ရပ်ကွက်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရပ်မိ ရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ် (အ ရှေ့ ပိုင်း) ကျိုင်းတုံ မြို့နယ် စည်ပင် သာယာ ရေး အ ဖွဲ့ က ကတ်ပိုး-ဝမ်ကမ်နှဲ့ ကျေး လက် ကျောက် ချော လမ်း ခင်း ခြင်း လုပ် ငန်း ဆောင် ရွက်မှုကို ဇန်န ဝါရီ ၂၀ရက်က ညွှန်ကြား ရေး မှူး ဦးတင်လှိုင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

စုပေါင်းသန့်ရှင်း

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကမြို့သာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းများဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ ဇန်နဝါရီ၂၉ရက်က စံပြလမ်း ဘေးဝဲယာ ပန်းခုံများတွင် ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။
(မြို့နယ်စည်ပင်)

သာပေါင်း–သမင်ကုန်း ကူးတို့ဆိပ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်

သာပေါင်း ဖေဖော်ဝါရီ ၁၀

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော သာပေါင်း–သမင်ကုန်း ကူးတို့ဆိပ် ကျောက်ချောလမ်းကို ဧရာဝတီတိုင်းစည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၃ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းသိန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်သူဝင်းတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့ နိဗ္ဗာန်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်ကကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးမောင်မောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

လင်းခေးမြို့ စံပယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

လင်းခေး ဖေဖော်ဝါရီ ၁၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လင်းခေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခင်းကျင်းပြီးစီးသွားသော လင်းခေးမြို့ မြို့မအနောက်ရပ် စံပယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါလမ်း မုခ်ဦးတွင်ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဝေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးတင့်ဝေတို့က အဆိုပါလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းကို ကြည့်ရှုစစ်ဆေးသည်။

အကုန်အကျခံ

အဆိုပါ စံပယ်ကျောက်ချောလမ်းမှာ အရှည်ပေ ၅၂၀ ၊ အကျယ် ၁၂ ပေရှိပြီး နိုင်ငံတော်မှကုန်ကျငွေ ကျပ် ၈၅၂၀၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့၌ ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့် သုတ ရသစာအုပ်များနှင့် ပရိဘောဂများ လှူဒါန်း

မြိတ် ဖေဖော်ဝါရီ ၁၄

မြိတ်မြို့နယ် မြိတ်တောင် ကျေးရွာအုပ်စု အင်းလေးမြိုင်ကျေးရွာ(ဂ–ဃ) ရပ်ကွက်တွင် ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်နံနက်က ကျင်းပရာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှမြင့်နှင့် မြိတ်တောင်ကျေးရွာအုပ်စု အဖွဲ့ဝင် (၂) ဦးသောင်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်ဖွင့်လှစ်ပြီး အခမ်းအနားကိုဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ဦးစီးမှူး ဦးလှမြင့်က စာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ရေးကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

လက်ခံရယူ

ဆက်လက်၍ သုတ ရသစာအုပ်နှင့် ပရိဘောဂများလှူဒါန်းခဲ့ကြရာ ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံအတွက် စေတနာရှင်များကိုယ်စား ဦးအောင်ဝင်းက လည်းကောင်း၊ စာအုပ်ဗီရိုနှစ်လုံး၊ စားပွဲနှစ်လုံးနှင့် ခုံတန်းရှည် နှစ်လုံးအတွက် အလှူရှင်များကိုယ်စား ဦးထွန်းနန္ဒာက လည်းကောင်း၊ သုတရသစာအုပ် ၃၅၀ ကို အလှူရှင်များကိုယ်စား ဦးတင်စိန်က လည်းကောင်း လှူဒါန်းကြရာ စာကြည့်တိုက်အဖွဲ့ နာယက ဦးဉာဏ်တင့်က လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကျေးရွာဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ

ကျောက်ကြီး ဖေဖော်ဝါရီ ၁၂

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်မော်မော်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်က ငထွေစုတ်ကျေးရွာအုပ်စုသို့ သွားရောက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဒေသခံတိုင်းရင်းသူများနှင့် တွေ့ဆုံ၍ မိသားစု စကားဝိုင်းဖွဲ့ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာများနှင့် ဖွဲ့စည်းပုံအကြောင်းကို လည်းကောင်း၊ ကျောက်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အထက်တန်းသူနာပြု ဒေါ်ဌေးဌေးကြည်က မိခင်ကလေး သေနှုန်းကျဆင်းရေးနှင့် ကူးစက်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ ဆွေးနွေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သော ဥက္ကံ–ဂေါ့လမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၃၀ ရက်က တာဝန်ခံအင်ဂျင်နီယာနှင့် အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် ဂုဏ်ပြုလွှာပေးအပ်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၅

ကျောက်ဆည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရာသက်ပန်အသင်းဝင် ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ၉ရက် နံနက် ၁၁နာရီက အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်ဘီးစက်ရုံ(ကျောက်ဆည်)တွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမေနှင့် အမှုဆောင်များ၊ စက်ရုံမှူးဦးစိုးနီနှင့် အလုပ်ရုံမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံဝန်ထမ်း ၂၄၉ဦးတို့အတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် ဂုဏ်ပြုလွှာများကို မြို့နယ်အသင်းဥက္ကဋ္ဌကပေးအပ်ရာ ဝန်ထမ်းများကိုယ်စားအလုပ်ရုံမှူး ဒေါ်နီနီလင်းက လက်ခံရယူပြီး မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမေ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့် အမှုဆောင်များက ကျန်းမာရေး ပညာပေးဟောပြောကြကြောင်းသိရသည်။ **(မိခင်နှင့်ကလေး)**

အ မြို့ မြို့ အနယ်နယ် သတင်းများ

တန့်ယန်းမြို့ မိုင်းပတ်ကျေးရွာတွင် သောက်သုံးရေ စနစ်တကျဖြန့်ဝေနိုင်ရေးအတွက် အများသုံးဂါလန် ၁၅၀၀ ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်မှုကို ဇန်နဝါရီ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေး နှစ် တွင် ဆောင်ရွက်သော ပိန်းဇလုပ်ရွာမ – ကညင်ကျိုးလမ်း ဆောင်ရွက် ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

သိန်းသန်း ငွေကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၂၀

ဂန့်ဂေါမြို့နယ် ရှုံးရှီရွာသာသနာ့ဇောတိက မုခ်ဦးကျောင်းတိုက်တွင် ဇန်နဝါရီ ၁ ရက်က သိန်းသန်း ငွေကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲနှင့် ရှုံးရှီရွာ အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်သို့ ကွန်ပျူတာနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တ သောဓနက ကွန်ပျူတာ တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ အင်္ဂလိပ်–မြန်မာအဘိဓာန်စာအုပ် ၂၄ အုပ်တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၂၇၃)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ဒေသဝမ်းစာဖူလုံရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ဖေဖော်ဝါရီ ၈ ရက်က ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ကျောက်ဆည်သွားကားလမ်းနှင့် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ခရိုင်ချင်းဆက် မြေသားလမ်း ဖောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် မော်စာရပ်ကွက် သီရိရတနာစိမ်း ဓမ္မရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သံဃနာယက ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ပညာသာမိအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ရန် ဆောက်လုပ်လျက်ရှိသည့် စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့်ဇနီး မိသားစုက ငွေကျပ်ငါးသိန်း၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းက ငွေကျပ်တစ်သိန်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဆန်းညွန့်ဦးက ငွေကျပ်နှစ်သိန်း၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က ငွေကျပ်နှစ်သိန်း၊ ဖားကန့်တပ်နယ်၊ မြစ်ကြီးနားတပ်နယ်၊ မိုးညှင်းခရိုင် အုပ်ချုပ်ရေးဦးစီးဌာန၊ တပ်မတော်အရာရှိကြီးများနှင့် ဖားကန့်မြို့နယ်ဥက္ကဋ္ဌတို့က ငွေကျပ်တစ်သိန်းစီကို ဆရာတော်ထံ အသီးသီး ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

✱ စာမျက်နှာ ၉ ကော်လံ ၁

ရွှေဝတီတံတား (ရတနာပုံ)

မကြာမီ ပေါ်ထွန်းလာတော့မည့် ရွှေဝတီတံတား (ရတနာပုံ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရွှေသောင်ယံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ရှိ လမ်းတံတားအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပိုးလောင်းကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

■ စာမျက်နှာ ၉ ကော်လံ ၁

ချောင်းမငယ် ရေလှောင်တမံ

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီး၌ တည်ဆောက်နေသည့် ချောင်းမငယ် ရေလှောင်တမံကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(လယ်ယာ/ဆည်မြောင်း)